ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (25-9-2010) (၆၅၃၂)

# ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိပြီး ကျောက်တော်နယ်မြေခံတပ်နယ် နဝရတ်ခန်းမ၌ ကျောက်တော်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

# ထားဝယ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၂ ရက်တွင် ထားဝယ်တပ်နယ်ခန်းမ၌ တပ်နယ်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားကာ တပ်နယ်အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပဉ္စမမြောက် ဆင်ဖြူတော်ရတနာတစ်စီး ထပ်မံပေါ်ပေါက် စုစုပေါင်း ဆင်ဖြူတော်ရတနာ(၅)စီးအထိ ပိုင်ဆိုင်နိုင်ခဲ့ခြင်းမှာ ထူးခြားအံ့ဩဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်

**ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ပြီးမြောက်ပြီး နောင်ပေါ်ပေါက်လာမည့် အစိုးရသစ်လက်ထက်ဝယ် လက်ရှိတည်ဆဲအစိုးရလက်ထက်နည်းတူ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်ဝပြောမှုတို့ကို အပြည့်အဝ ခံစား စံစားနိုင်မည့် အတိတ်ကောင်း နိမိတ်ကောင်းပင်ဖြစ်**

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဆင်ဖြူတော်ရတနာများ ထူးခြားစွာ ပေါ်ပေါက်ခဲ့ရာ ယခုအခါ ပဉ္စမမြောက် ဆင်ဖြူတော်ရတနာတစ်စီး ထပ်မံပေါ်ပေါက်ခဲ့ကြောင်း သိရှိရသည်။

### သတင်းပေးပို့

ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ အဖွဲ့များက စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ဆင်ဖြူတော်ရတနာ တစ်စီးအား ထပ်မံရရှိခဲ့ကြောင်း၊ ယင်းဆင်ဖြူတော်မှာ အသက်(၁၈)နှစ်ခန့်ရှိပြီး အရပ်အမြင့် ၇ ပေ ၁ လက်မ၊ လုံးပတ် ၁၀ ပေ ၃လက်မရှိကြောင်း သိရှိရသည်။

### ကြန်အင်ပြည့်စုံ

ရှေးဟောင်းကျမ်းဂန် ပေစာများအရ ဆင်ဖြူတော်ဟူသည် ဆင်တစ်ထောင်တွင် တစ်ကောင်တွေ့ရန် မလွယ်ကူကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ဆယ်စုနှစ် တစ်စုကာလအတွင်း ဆင်ဖြူတော်ရတနာလေးစီး ပေါ်ထွန်းခဲ့ပြီး ယခုနောက်ထပ်တစ်စီး ထပ်မံပေါ်ထွန်းလျက် စုစုပေါင်း ဆင်ဖြူတော်ရတနာငါးစီးအထိ ပိုင်ဆိုင်နိုင်ခဲ့ခြင်းမှာ ထူးခြားအံ့ဩဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်ပင်ဖြစ်သည်။ ထို့ပြင် ယခုထပ်မံရရှိသည့် ဆင်ဖြူတော်မှာ ဆင်ဖြူတော်ရတနာ၏ ကြန်အင်လက္ခဏာများနှင့် အထူးပင်ပြည့်စုံကြောင်း ကြားသိရသည့်အတွက် ပြည်သူအများ နှစ်ထောင်းအားရ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြကြောင်း သိရှိရသည်။

သက်ကြီးဘိုးဘွားများ၊ ရဟန်းသံဃာများနှင့် ရှေ့မီနောက်မီ ပြည်သူများက ဆင်ဖြူတော်ဟူသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁**

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ထပ်မံရရှိသည့် ပဉ္စမမြောက် ဆင်ဖြူတော်ရတနာအား တွေ့ရစဉ်။** (သတင်းစဉ်)

၂၅-၉-၂၀၁၀
(စနေနေ့)

# စိုက်ပျိုးရေးသုံးပိုးသတ်ဆေး သတိပြုသုံးစွဲ

မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ညီညွတ်မျှတသဖြင့် စပါးနှင့် အခြားသီးနှံများစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသည်။ နှစ်စဉ် မိုးစပါး၊ နွေစပါးများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပသို့ပင် တင်ပို့နိုင်လျက်ရှိသည်။ စပါးသာမက ပြည်ပပို့ကုန်သီးနှံစုံ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းနေကြသည်။

စိုက်ပျိုးရေးလုပ်ငန်းများ၌ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးရေး အတွက် ဓာတ်မြေဩဇာများကို သုံးစွဲကြသည်။ သီးနှံရောဂါပိုးမွှားများ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများကို အသုံးပြုနေကြမြဲဖြစ်သည်။ အချို့သော စပါးခင်း၊ သီးနှံစိုက်ခင်းများတွင် ပိုးအကျများသဖြင့် ပိုးသတ်ဆေးများ သုံးစွဲလျက်ရှိရာ အဆိပ်သင့်မှုမဖြစ်စေရေး ဂရုပြုကြရမည်ဖြစ်သည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများသည် အသုံးပြုသူ၏ နှာခေါင်း၊ ပါးစပ်၊ အရေပြားတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနိုင်သည်။ ပိုးသတ်ဆေးကို ရှူရှိုက်မိခြင်း၊ အရေပြားနှင့် ထိတွေ့မိခြင်းတို့ကြောင့် အဆိပ်သင့်စေနိုင်ပြီး ချွေးစေးပြန်ခြင်း၊ မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်းတို့ ဖြစ်လာနိုင်သည်။ ယင်းသို့ ဖြစ်ပေါ်လာသည့်အခါ ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစု၍ နီးစပ်ရာဆေးရုံ ဆေးခန်းသို့ အဆိပ်သင့်သည့် ပိုးသတ်ဆေးဘူးနှင့်အတူ အမြန်ဆုံးသွားရောက် ပြသကြရပေမည်။

ပိုးသတ်ဆေးများကို သီးနှံစိုက်ခင်းများသို့ နေပြင်းချိန်တွင် မဖျန်းဘဲ နံနက်စောစော ညနေခင်းနေအေးချိန်များတွင် ဖျန်းသင့်ကြောင်း သိရသည်။ ဆေးဖျန်းသည့်အခါ အကာအကွယ်အနေဖြင့် မျက်နှာဖုံးတပ်ဆင်ခြင်း၊ လက်အိတ်၊ ဖိနပ်လည်ရှည်နှင့် အင်္ကျီလက်ရှည်ဝတ်ဆင်ခြင်းတို့ကိုလည်း ဂရုပြုလုပ်ဆောင်ကြရပေမည်။ ပိုးသတ်ဆေးများကို လိုအပ်သည့် အချိုးအဆထက် ပိုမိုအသုံးပြုမိခြင်း၊ ရေနှင့် ရောစပ်ထားသည့်ဆေးရည်များကို အကာအကွယ်မရှိသည့်လက်ဖြင့် မွှေခြင်းတို့သည် အဆိပ်သင့်စေနိုင်သည်။

ထို့အပြင် ပိုးသတ်ဆေးဘူးများကို အစားအသောက်၊ အဝတ်အထည်၊ လူသုံးဆေးဝါး၊ တိရစ္ဆာန်အစားအစာများနှင့် နီးစပ်စွာ မထားသင့်ပေ။ ပိုးသတ်ဆေးဘူးခွံများသည် အာနိသင်မကုန်ဘဲ အဆိပ်သင့်စေနိုင်သဖြင့် ပြန်လည်ဆေးကြော အသုံးပြုခြင်း၊ မြစ်ချောင်းများအတွင်းစွန့်ပစ်ခြင်းများ မပြုလုပ်သင့်ဘဲ ကျင်းတူး၍ မြေမြှုပ်ပစ်ရပေမည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သွယ်ရောင်းဝယ်တင်ပို့သူများ အနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ပိုးမွှားကာကွယ်ခြင်း၊ သဘာဝ မြေဩဇာများအသုံးပြုခြင်း၊ စနစ်တကျ ရိတ်သိမ်းသိုလှောင်ခြင်းများ ပြုလုပ်ကြရပေမည်။ အချိန်ရာသီအလိုက် သီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများကို သတိပြုသုံးစွဲကြခြင်းဖြင့် အဆိပ်သင့်မှုရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

## ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းများ သရုပ်ပြရှင်းလင်း

**ရေစကြို စက်တင်ဘာ ၂၄**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၈ ရက်တွင် ရေစကြိုမြို့နယ် တင်ချောင်းကျေးရွာ ဓမ္မာရုံ၌ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၇၂၈ ဦးတို့အား တွေ့ဆုံ၍ ရွှေကောက်ပွဲဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်များကို စာတွေ့နှင့် မဲရုံသရုပ်ပြခြင်း (လက်တွေ့)တို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ (၃၇၄)

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဒေါ်ရွှေဝါ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားများသောက်သုံးရန် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဦးသိန်းညွန့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူနည်းစု တိုင်းရင်းသားလူမျိုးများကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူနည်းစု တိုင်းရင်းသားလူမျိုးများကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E. Mr. Hoang Xuan Luong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ တိုင်းရင်းသားရေးရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**ကြိုဆို**

အဆိုပါ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူနည်းစု တိုင်းရင်းသားလူမျိုးများ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလည်အပတ်ခရီးအဖြစ် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့် အဖွဲ့နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့သည် ယနေ့နံနက်ပိုင်းတွင် MOUNT PLEASANT HOTEL, MOUNT PLEASANT TOWER ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ တိုင်းရင်းသားရေးရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများကို အပြန်အလှန် ရှင်းလင်းပြောကြားကြပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ညပိုင်းတွင် ဒုတိယဝန်ကြီး ဦးတင်ငွေက ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား MOUNT PLEASANT HOTEL ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အလုံမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ မခင်ခင်စုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

## မိတ္ထီလာတွင် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မိတ္ထီလာခရိုင် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်တွင် မိတ္ထီလာမြို့ မိတ္ထီလာကန်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားပြီး ယခင်နှစ်မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ကံကြီးမောင်လှေအသင်းက ပြန်လည်အပ်နှံသည့် ဒိုင်းဆုကို လက်ခံသည်။ ပြိုင်ပွဲတွင် အကြီးတန်းအသင်း ခြောက်သင်း၊ အငယ်တန်းအသင်း ၁၃ သင်း စုစုပေါင်း လှေအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

**❍ ထားဝယ်ခရိုင်မှ**

ထို့နောက် ထားဝယ်တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထားဝယ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ထားဝယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း၊ အထွေထွေရောဂါကုဆေးရုံကြီး၌ သီးသန့်လူနာဆောင်သစ် တိုးချဲ့ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ထားဝယ်ပညာရေးကောလိပ်ကျောင်းဆောင်သစ်ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများ၊ လမ်းဘေး ဝဲ၊ ယာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းနှင့် ရော်ဘာစိုက်ခင်းအခြေအနေများကို ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၃ ရက်တွင် သရက်ချောင်းမြို့နယ် ရဲကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ရဲကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံအခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ထားဝယ်-မြိတ်လမ်း ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေ၊ လမ်းဘေး ဝဲ၊ ယာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများနှင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး သင်ပုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက တံတားဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များသည် ပုလောမြို့နယ် ဆက်သွယ်ရေးစခန်း၌ CDMA 450 Mhz Sim Card များ ထုတ်ပေးနေမှုကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ထပ်မံရရှိသည့် ပဉ္စမမြောက် ဆင်ဖြူတော်ရတနာအား တွေ့ရစဉ်။** (သတင်းစဉ်)

**❀ ရွှေဖုံးမှ**

ဗုဒ္ဓသာသနာထွန်းကားရာအရပ်၊ ဘာသာသာသနာကို ကိုးကွယ်မြတ်နိုးဆည်းကပ်သူတို့ရှိရာ အရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်ချုပ်သောအရပ်တို့၌သာ ပေါ်ထွန်းမြဲဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆင်ဖြူတော်ရတနာများ တိုးပွားပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တို့မှ ကင်းစင်ပပျောက်မည့် အတိတ်ကောင်းဖြစ်သကဲ့သို့ ဆန်ရေစပါး၊ ရွှေ ငွေ၊ ကျောက်သံပတ္တမြား ပေါများကြွယ်ဝကာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အဘက်ဘက်မှ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်မည့်နိမိတ်ကောင်းလည်း ဖြစ်ကြောင်း။

**ထူးခြားတိုက်ဆိုင်**

ထို့ပြင် ဆင်ဖြူရတနာဟူသည် အုပ်ချုပ်သူမင်းတို့၏ဘုန်းကံ၊ တိုင်းပြည်၏ ဘုန်းကံ၊ ပြည်သူတို့၏ ကုသိုလ်ကံတို့အပေါ် မူတည်၍ မင်္ဂလာရှိသော အကြောင်းခြင်းရာများနှင့် တိုက်ဆိုင်ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိရာ ယခုကဲ့သို့ နိုင်ငံတော်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်မည့် သမိုင်းအလှည့်အပြောင်းကာလတွင် ပေါ်ထွန်းလာခြင်းမှာ ထူးခြားတိုက်ဆိုင်လှကြောင်း၊ ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်း အောင်မြင်စွာပြီးမြောက်ပြီး နောင်ပေါ်ပေါက်လာမည့်အစိုးရသစ်လက်ထက်ဝယ် လက်ရှိတည်ဆဲအစိုးရလက်ထက်နည်းတူ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်ဝပြောမှုတို့ကို အပြည့်အဝခံစား စံစားနိုင်မည့် အတိတ်ကောင်း နိမိတ်ကောင်းပင်ဖြစ်ကြောင်း စသည်ဖြင့် ဝမ်းပန်းတသာဝေဖန်ဆွေးနွေးပြောကြားလျက်ရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

**သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်နှင့် တိုင်းဒေသကြီးတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများက သက်ဆိုင်ရာအလိုက် ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ အကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၅-၉-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၇ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ဒို့မြန်မာလူမျိုးအတွက်ရေးသည့် စာတစ်ပုဒ် ရွှေချောင်းတစ်ချောင်း
- ၇း၂၀ ၆။ ဓမ္မပူဇာတေး
- ၇း၂၅ ၇။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ် - အမြွာစုံထောက်(အပိုင်း-၄၁)**
- ၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -တိုးတိုးလေးတိုက်တဲ့လေညင်း (မြင့်မြတ်၊ မိုးဟေကို) (ဒါရိုက်တာ-ကိုပေါက်)**
- ၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၇၂)**
- ၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု အစီအစဉ် -ရေဆုံးမြေဆုံး (အပိုင်း-၂) (ဇာတ်သိမ်း)
- ၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၄၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
- ၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၉)**
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ နိုင်ငံတကာသတင်း
- ၁၄။ မိုးလေဝသသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ လူရွှင်တော်စတား
- ၁၇။ အင်္ဂလိပ်စာသုတ
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၉)**
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၈)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ကြီးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မကြာတော့တဲ့ကာလမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ကြရတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း မိမိတို့ရဲ့ ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးပြီး ရွေးချယ်နိုင်ဖို့လိုအပ်လှပါတယ်။

မဲဆန္ဒရှင်ပြည်သူများအနေနဲ့ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူဖြစ်စေရေးအတွက် ရှေးဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအကြောင်း အကျဉ်းချုံးပြီး တင်ပြပါမယ်။

မိမိတို့ပါတီဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတဲ့ပါတီ မဟုတ်ဘဲ မူဝါဒလုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်ကျင့်သုံးနေတဲ့ပါတီဖြစ်ပါတယ်။ ပါတီက စွဲကိုင်ထားတဲ့ဝါဒက လူအများ ကောင်းစားရေးဝါဒ၊ လမ်းစဉ်က ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်နဲ့ ကျင့်စဉ်ကတော့ အစွန်းတရားများကို ရှောင်ရှားတဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်တို့ပဲဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်နဲ့ အမျိုးသမီးများကို အခြေခံထားပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေဖို့ ကျယ်ပြန့်တဲ့စည်းရုံးရေးအမြင်ဖြင့် ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲကြေညာစာတမ်းများကို ထုတ်ဝေပြီး ပြည်သူများထံ တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကြေညာစာတမ်းမှာ ပါရှိတဲ့အချက်အချို့ကို အကျဉ်းချုံးပြီး တင်ပြပါမယ်။ ဒီကြေညာစာတမ်းဟာ ရွေးကောက်ပွဲမှာ ပြည်သူလူထုက အခွင့်အာဏာအပ်နှင်းခဲ့ရင် ပြည်သူပြည်သားများအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးပြုသွားမယ့်အချက်တွေကို မဲဆန္ဒရှင်ပြည်သူများအား "ကတိကဝတ်" ပြုခြင်းဖြစ်ပါတယ်။

မိမိတို့ပါတီဟာ စစ်မှန်တဲ့ဒီမိုကရေစီကို လိုလားတဲ့အားလျော်စွာ အများပြည်သူတို့ရဲ့အကျိုးကို မထိခိုက်စေဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများပေါ် အခြေခံတဲ့ အခြေခံလူ့အခွင့်အရေးများကို ရရှိခံစားစေမှာဖြစ်ပါတယ်။

အခြေခံလူ့အခွင့်အရေးဆိုရာမှာ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှုများ အကျုံးဝင်ပါရှိကြမှာဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံဥပဒေနဲ့အညီ လွတ်လပ်စွာဖွင့်ဟပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာစည်းရုံးနိုင်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ခွင့်၊ နိုင်ငံအတွင်း လွတ်လပ်စွာ မှီတင်းနေထိုင်နိုင်ခွင့်နဲ့ လွတ်လပ်စွာ ဝမ်းစာရှာမှီးနိုင်ခွင့် စသည်တို့ အကျုံးဝင်ပါရှိစေရပါမယ်၊ အခွင့်အလမ်းလည်း ညီမျှစေရပါမယ်၊ တရားဥပဒေအရာမှာလည်း ညီမျှစေရပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

လူထုလူတန်းစားများအပေါ်ထားရှိတဲ့ သဘောထားများကို ဆက်လက်တင်ပြပါမယ်။ ရှေးဦးစွာ တောင်သူလယ်သမားနဲ့ ပတ်သက်တဲ့သဘောထားကို တင်ပြပါမယ်။ တောင်သူလယ်သမားများကို လယ်လုပ်သူလယ်ပိုင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ အခြေခံဥပဒေအရ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမှာဖြစ်တဲ့အတွက် တောင်သူလယ်သမားများအနေနဲ့ ဈေးကွက်စီးပွားရေးနဲ့အညီ မိမိတို့ဆန္ဒအရ သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့် ရှိစေရမှာဖြစ်ပါတယ်။

လယ်ယာမြေများကို ဥပဒေမဲ့သိမ်းယူခြင်းမရှိစေရန် ကာကွယ်ပေးသွားပါမယ်။ အကယ်၍ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်လာပါက သင့်လျော်တဲ့ နစ်နာကြေးများရရှိစေရပါမယ်။ စိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ ပံ့ပိုးပစ္စည်းများ ဝယ်ယူရာမှာ မျှတသော ဈေးနှုန်းဖြစ်စေရေးနဲ့ ထုတ်လုပ်တဲ့သီးနှံများ ရောင်းချရာမှာ သင့်လျော်တဲ့ ဈေးနှုန်းများရရှိရေးတို့ကို ဆောင်ရွက်သွားပါမယ်။ တောင်သူလယ်သမားများ ရသင့်ရထိုက်တဲ့အခွင့်အရေးများ မဆုံးရှုံးစေရေးနဲ့ တိုးတက်ရရှိခံစားနိုင်စေရေးတို့ကို ဆောင်ရွက်သွားပါမယ်။

အလုပ်သမားများနဲ့ပတ်သက်လို့ ဆက်လက်တင်ပြပါမယ်။ အလုပ်သမားများရဲ့ အကျိုးစီးပွားဖြစ်တဲ့ ဥပဒေပါ ရပိုင်ခွင့်များ ကာကွယ်မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများ၊ အလုပ်သမားများရဲ့ လုပ်ခလစာ၊ အငြိမ်းစားလစာနဲ့ အခြားအကျိုးခံစားခွင့်များ၊ အခြေခံစားသောက်ကုန်ဈေးနှုန်းတို့ မျှတမှုရှိစေအောင် ဆောင်ရွက်သွားပါမယ်။

လူငယ်များအရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားပါမယ်။ လူငယ်များဟာ တိုင်းပြည်ရဲ့ သားကောင်းရတနာများ ဖြစ်ကြပါတယ်။ ပင်ကိုအနေနဲ့ ရိုးသားကြပြီး စွန့်လွှတ်၊ စွန့်စား၊ အနစ်နာခံလိုသူများ၊ ဆန်းသစ်တီထွင်လိုသူများဖြစ်ကြပါတယ်။ ဒါကြောင့် လူငယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်သူများဖြစ်လာအောင် ပြုစုပျိုးထောင်သွားပါမယ်။ လူငယ်များအတွက် အလုပ်အကိုင်သစ်များ ပေါ်ထွန်းရေး၊ တတ်သိပညာနဲ့အညီ နိုင်ငံတကာနယ်ပယ်မှာ ပါဝင်နိုင်ရေးနဲ့ ထူးချွန်မှုအလိုက် ပြည်ပသို့သွားရောက်လုပ်ကိုင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်သွားပါမယ်။ မိမိတို့ပါတီအကျိုးစီးပွားအတွက် လူငယ်များကို အသုံးချခံများအဖြစ် မည်သည့်အခါမျှ ခုတုံးလုပ်သွားမှာမဟုတ်ပါဘူး။

အမျိုးသမီးများနဲ့ ပတ်သက်လို့ကတော့ အမျိုးသမီးများဟာ တိုင်းပြည်ရဲ့ လူများစုကြီးဖြစ်ပါတယ်။ နိုင်ငံအတွက် များစွာအရေးပါတဲ့ အင်အားစုကြီးဖြစ်တဲ့အလျောက် မိမိတို့ပါတီက အမျိုးသမီးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေးစားတန်ဖိုးထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမျိုးသမီးများအနေနဲ့ အမျိုးသားများနဲ့ တန်းတူအခွင့်အရေး ရရှိစေရပါမယ်။ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးများ ပေါ်ထွန်းလာရေးနဲ့ အမျိုးသမီးများရဲ့ လူမှုရေးဘဝ မြင့်မားလာရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မျက်မှောက်ကာလမှာ အမျိုးသမီးများအား အဓိကခြိမ်းခြောက်လျက်ရှိတဲ့ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်ရေးနဲ့ အမျိုးသမီးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ပေးပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

အသိပညာရှင်၊ အတတ်ပညာရှင်များနဲ့ ပတ်သက်ရင်လည်း လုပ်ငန်းနယ်ပယ်အသီးသီးမှာ အရည်အချင်းအလိုက် ထိုက်တန်စွာ တာဝန်ထမ်းခွင့်နဲ့ အကျိုးခံစားခွင့်ရှိစေရပါမယ်။ ဖန်တီးမှုများနဲ့ မူပိုင်ခွင့်များကို ခိုင်မာစွာ ရပ်တည်ဆောင်ရွက်ပေးပါမယ်။

စီးပွားရေးလုပ်ငန်းရှင်များဟာ ဥပဒေပါရပိုင်ခွင့်များကို တန်းတူညီမျှ ခံစားခွင့်ရှိရေး၊ လုပ်ငန်းတွေမှာ အထစ်အငေါ့ အဟန့်အတားရှိမှု၊ ကြန့်ကြာမှု၊ မသမာမှု ကင်းစင်ရေးတို့ကို ဆောင်ရွက်ပါမယ်။

အသင်းအဖွဲ့များဖွဲ့ပြီး ပြည်တွင်းပြည်ပ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခွင့်ရှိရေးတို့ကို လုပ်ဆောင်သွားပါမယ်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ်လည်းကောင်း၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ စွမ်းဆောင်ရှင်များအဖြစ် လည်းကောင်း ပေါ်ထွက်လာရေးကို အားပေးပါမယ်။

တပ်မတော်နဲ့စပ်လျဉ်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အဓိကတာဝန်ရှိတဲ့စွမ်းရည်ထက်မြက်ပြီး ခေတ်မီတဲ့တစ်ခုတည်းသော မျိုးချစ်တပ်မတော်အဖြစ် တည်ရှိနေရပါမယ်။ မသန်စွမ်းဖြစ်သွားတဲ့ တပ်မတော်သားများ၊ သေဆုံး သို့မဟုတ် ကျဆုံးသွားတဲ့ တပ်မတော်သားများနဲ့ ယင်းတို့ရဲ့ မိသားစုများအတွက် သင့်လျော်တဲ့ အစီအမံများချမှတ်ကာ ကူညီပံ့ပိုးဆောင်ရွက်ပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

ပြည်သူတစ်ရပ်လုံးနဲ့ ပတ်သက်ပြီး အခြေခံကုန်ဈေးနှုန်း တည်ငြိမ်ရေးကို ဆောင်ရွက်ပြီး ပြည်သူလူထုစားဝတ်နေရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်တွင်းဖူလုံရေးကို ဦးစားပေးဆောင်ရွက်သွားပါမယ်။ ဒါ့အပြင် ဥပဒေပါခံစားခွင့်နဲ့ ရပိုင်ခွင့်များ ရရှိရေး၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှုတိုက်ဖျက်ရေးတို့ကို ဆောင်ရွက်ပါမယ်။ သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးများ၊ လေလွင့်လူငယ်များ၊ ခိုကိုးရာမဲ့ အမျိုးသမီးများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပါမယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ်တည်နိုင်ရန် ပညာရေး၊ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုစတဲ့ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးစေဖို့ ဆောင်ရွက်ပါမယ်။

ပညာရေးမှာ မူလတန်းပညာကို မသင်မနေရ အခမဲ့သင်ကြားပေးပါမယ်။ ထူးချွန်ထက်မြက်သူများကို ပြည်တွင်း၌ အတန်းပညာဆုံးခန်းတိုင် သင်ကြားခွင့်နဲ့ ပြည်ပသို့ပါ ဆက်လက်ပညာသင်ကြားနိုင်အောင် စီစဉ်ပါမယ်။ ဆရာများရဲ့ ပညာအရည်အချင်းနဲ့ ဂုဏ်သိက္ခာမြင့်မားရေးကို ဆောင်ရွက်ပါမယ်။

ကျန်းမာရေးနဲ့ပတ်သက်ရင် ဆေးရုံ၊ ဆေးခန်းများမှာ ဆေးဝါးနဲ့ ခေတ်မီကိရိယာများပြည့်စုံအောင် စီစဉ်ပေးရေးနဲ့ ဆေးဝါးကုသရန် အခက်အခဲရှိသူများအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ခြင်းကိုလည်း အားပေးသွားမှာဖြစ်ပြီး တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမယ်။ အားကစားမြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

နိုင်ငံခြားရေးနဲ့ ပတ်သက်လို့ လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးဝါဒကို လက်ခံကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ဒီလိုကျင့်သုံးရာမှာ မြန်မာနိုင်ငံက အစဉ်တစိုက် ထိန်းသိမ်းကျင့်သုံးခဲ့တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို လက်ကိုင်ထားပြီး နိုင်ငံတကာနဲ့ ပိုမိုထိတွေ့ပြီး ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပါမယ်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ တက်ကြွစွာပါဝင်ပါမယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပြီး အိမ်နီးချင်းကောင်းပီသစွာ နေထိုင်သွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ဂုဏ်သိက္ခာရှိတဲ့ ပါတီစုံစနစ်ကို ကြိုဆိုလက်ခံပါတယ်။ ဆူပူအကြမ်းဖက်မှုကို မလိုလားဘဲ ပါတီအချင်းချင်း တန်းတူရည်တူ ဆက်ဆံသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ လူထုလူတန်းစားရေးရာ ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမား၊ အလုပ်သမားစတဲ့ လူထုလူတန်းစားဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးကို အားပေးသွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ များစွာအရေးပါလှပါတယ်။ တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက **"လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ"** ကို ချမှတ်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲဒီမူဝါဒအရ တိုင်းပြည်ရဲ့ ခေနဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်ထွန်းလာတဲ့ ခေနအင်အားကို ခွဲဝေခံစားရာမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမျှတမှုနဲ့ တိုးတက်မှုတို့ကို ဆက်စပ်လျက် သဟဇာတဖြစ်ရေးကို ဦးတည်ရှေးရှုဆောင်ရွက်တဲ့ **"လူမှုသဟဇာတ မျှတစေသည့် ဈေးကွက်စီးပွားရေးစနစ်"** (Social Market Economy) ပဲဖြစ်ပါတယ်။

ဒီမူဝါဒကို ဖော်ဆောင်ရာမှာ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နဲ့ ဖက်စပ်ပိုင်တို့ကို ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာအောင်လည်း ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်ရပါမယ်။ ခင်မင်ရင်းနှီးရာ ကောင်းစားရေး အရင်းရှင်စနစ် မဖြစ်ပေါ်လာအောင်လည်း ကာကွယ်ဟန့်တားသွားပါမယ်။

ဒါ့အပြင် ပြည်သူများ နေထိုင်စားသောက်စရိတ်၊ ပညာရေး၊ ကျန်းမာရေးအတွက် စရိတ်များမျှတသက်သာစေရန် စီမံဆောင်ရွက်ပါမယ်။ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကဏ္ဍများ ဟန်ချက်ညီအောင် ဆောင်ရွက်ပါမယ်။ ပို့ကုန်မြှင့်တင်ရေးကို အခြေပြုတဲ့ စီးပွားရေးမူနဲ့အညီ လုပ်ငန်းများကို ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ သယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိစွာ အသုံးပြုနိုင်မယ့် အစီအမံများနဲ့ ဆောင်ရွက်ပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

တိုင်းရင်းသားလူမျိုးများနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဟာ များစွာအရေးကြီးပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဦးထိပ်ပန်ဆင်ပြီး များစွာလေးစားတန်ဖိုးထားပါတယ်။ တိုင်းရင်းသားလူမျိုးများနဲ့ စပ်လျဉ်းပြီး ပါတီရဲ့ သဘောထားရပ်တည်ချက်များကို အကျဉ်းချုံးပြီး တင်ပြသွားလိုပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ တိုင်းရင်းသား လူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ တိုင်းရင်းသား လူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ခွင့်ရှိရေးနဲ့ တိုင်းရင်းသားလူမျိုးများအတွင်း ညီညာသော ဖွံ့ဖြိုး တိုးတက်ခွင့်ရှိရေးတို့ကို လက်ခံကျင့်သုံး ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသား လူမျိုးများအတွင်း တန်းတူရည်တူရှိစေရေးကို ဖော်ဆောင်ရာမှာ လူမျိုးကြီး၊ လူမျိုးငယ်မခွဲခြားဘဲ တိုင်းရင်းသားလူမျိုးတိုင်း တန်းတူရည်တူရှိစေရပါမယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိစေရေးနဲ့ စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုးများအနေနဲ့ အခြေခံဥပဒေနဲ့အညီ အာဏာသုံးရပ်ကို ကျင့်သုံးခွင့် ရှိစေရပါမယ်။ တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးနဲ့ပတ်သက်ပြီး လူမျိုး၊ ဘာသာစကား၊ စာပေ၊ ယုံကြည်ကိုးကွယ်မှုနဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ပျောက်ပျက်မသွားစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခွင့် ရှိစေရပါမယ်။ တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်ခွင့်ရှိစေရေးနဲ့စပ်လျဉ်းပြီး လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပါမယ်။

တိုင်းရင်းသားလူမျိုးများနဲ့စပ်လျဉ်းပြီး မိမိတို့ပါတီဟာ ပြည်ထောင်စုနဲ့ ပြည်ထောင်စုအဖွဲ့ဝင်တို့ အပြန်အလှန်အကျိုးပြုကြလျက် သဟဇာတမျှတစွာ ပေါင်းစည်းညီညွတ်တဲ့ မြန်မာလူ့အဖွဲ့အစည်း ဖြစ်လာရေးကို ရှေးရှုဆောင်ရွက်သွားပါမယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီရဲ့ မူဝါဒနဲ့ တိုင်းပြည်အတွက်၊ ပြည်သူအတွက် ဆောင်ရွက်ပေးမယ့် အစီအမံများကို အကျဉ်းချုံးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ရွေးကောက်ပွဲဟာ ပြည်သူတွေအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်တင်မြှောက်နိုင်ကြဖို့ အရေးကြီးပါတယ်။ မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးကို အမှန်တကယ်သယ်ပိုးပေးနိုင်မယ့် လူတော်လူကောင်းတွေကို ဆန္ဒပေး ရွေးချယ်ပေးကြပါလို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

မဲဆန္ဒရှင်ပြည်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ။

**✳ ရခိုင်ပြည်နယ်မှ**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လှမင်းသည် မောင်တောခရိုင် မောင်တောမြို့နယ် ကျီးကန်းပြင်၊ ကြိမ်ချောင်းကျေးရွာနှင့် ငါးခူရကျေးရွာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ ရက်တွင် မောင်တောမြို့နယ် ပြင်ဖြူကျေးရွာ၌ ပုစွန်မွေးမြူရေးကန်များ၊ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်းကောင်း၊ မင်္ဂလာကြီးနှင့် ဦးရှေးကျကျေးရွာတို့၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ တောင်ပြိုလက်ဝဲမြို့ ဖွံ့ဖြိုးတိုးတက်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရှုံးခန်းမ၌ နယ်မြေခံ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် တောင်ပြိုလက်ဝဲ အခြေခံပညာအထက်တန်းကျောင်းနှင့် မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းဘေးဝဲ/ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း တောင်ပြိုလက်ဝဲ အခြေခံပညာ အထက်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ဝန်ထမ်းအိမ်ရာများနှင့် စိုက်ပျိုးထားရှိမှုများ ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး ဦးစိုးသိန်းသည် ဝန်ထမ်းမိသားစုများ၏ ရာသီသီးနှံပင်များ၊ နှစ်ရှည်စားပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုများ၊ အိမ်ရာဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများနှင့် ဝန်ထမ်းများအား နေထိုင်ရန် ပံ့ပိုးပေးထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အိမ်ရာအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပံ့ပိုးပေး**

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ၌ ဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်၊ အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်ကြရန်၊ ကျန်းမာရေးနှင့်အညီ ဂရုပြုနေထိုင်ကြရန် မှာကြားပြီး ဝန်ထမ်းမိသားစုများအား လိုအပ်သည်များကို ဖြည့်ဆည်း ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းများ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး တင်သွင်းပြီး စတင်ဖြန့်ချိမှုသက်တမ်း ဆယ်စုနှစ်တစ်စုခန့် ခိုင်ခံ့စွာရပ်တည်နေသော Home Distribution Group က Ready Made Floor(ပါကေးအစားထိုး) ကြမ်းခင်းပြားများကို တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Electronic & Yangon International Trade Exhibition 2010 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

Ready Made Floor(ပါကေးအစားထိုး) ကြမ်းခင်းပြားများကို နိုင်ငံတကာက သတ်မှတ်ထားသော Standard အတိုင်း ပါဝင်ဖွဲ့စည်းထားသည့် အဆင့်မြင့်ကုန်ကြမ်းများကို Q, C Test အဆင့်ဆင့်ဖြင့် စစ်ဆေး၍ Grade A, B, C,D တို့၏ Specification ကို အာမခံနှင့် ထုတ်လုပ်ထားကြောင်း၊ စစ်မှန်သော Grade A, B, C, D၏ Qualityကွာခြားမှုအရ မှန်ကန်သောပစ္စည်း Specification အတိုင်း ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးအထိ မှန်ကန်ပွင့်လင်းစွာ ရောင်းချပေးလျက်ရှိကြောင်း၊ Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများသည် Polish တင်ရန်မလို၊ ပါကေးထက်ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း သိရသည်။

ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်းလက်ခ၊ သို့မဟုတ် အားလုံးအပြီးအစီးဖြင့်လည်း လွတ်လပ်စွာရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများအပြင် အဆင့်မြင့် သုတ်ဆေးအစားထိုး Wall Covering သည် 3rd Generation ဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များတွင် အသုံးပြုမှုများကြောင်း၊ Custom Made Kitchen & Furniture သည် Ready Made ဖြစ်၍ အချိန်ကုန်သက်သာပြီး ခန့်မှန်း Design နှင့် Budget အတိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ပစ္စည်းများ ခင်းကျင်းတပ်ဆင်မှုလုပ်ငန်းကို စက်ရုံမှ လေ့ကျင့်ပေးထားသည့် ဝါရင့်ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပေးပြီး နည်းပညာ အခက်အခဲရှိလျှင် အချိန်တိုအတွင်း ကတိအတိုင်း ဖြေရှင်းပေးကြောင်း သိရသည်။

၁၀ စုနှစ်နီးပါး ဝယ်ယူအားပေးခဲ့သော Customer များ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် Ready Made Floor တစ်ကျင်းဝယ်ယူသူတိုင်းကို Design အသစ် Wall Covering တစ်ကျင်း(ပစ္စည်းသီးသန့်)အစီအစဉ်အသစ်ဖြင့် လက်ဆောင်ပေးနေကြောင်း သိရသည်။

Home Distribution Group က ဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ပစ္စည်းများကို အမှတ် (F-2 to 6) ပထမထပ် အောင်ဆန်းကွင်းမြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၈၄၈၄၀၊ ၇၃၀၈၄၈၄၁၊ ၇၃၀၈၄၈၄၂ နှင့် အမှတ်(၄၇၁) ၈၂ လမ်း၊ ၃၄လမ်းနှင့် ၃၅ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၉၁၀၂၇၅၁၄၊ ၀၂-၃၆၈၂၆တို့သို့ ဆက်သွယ်ဝယ်ယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ဝန်ကြီး ဦးစိုးသာ ကညင်ဆည်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ငွေချေးစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည့် ကညင်ဆည်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆော်ဒီဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့မှ အတိုးမဲ့ချေးငွေ ရီယာလ်သန်း ၃၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ စာချုပ် လက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali၊ ဆော်ဒီဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ Vice Chairman H.E. Mr. Engineer Yousef Bin Ibraheem Al-Bassam နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်နှင့် ဆော်ဒီဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ Vice Chairman H.E.Mr. Engineer Yousef Bin Ibraheem Al-Bassam တို့က ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကညင်ဆည်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အတိုးမဲ့ချေးငွေ ရီယာလ်သန်း ၃၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသူရိန်ဇော်နှင့် H.E.Mr. Engineer Yousef Bin Ibraheem Al-Bassam တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည့် ကညင်ဆည် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆော်ဒီဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့မှ အတိုးမဲ့ချေးငွေ ရီယာလ်သန်း ၃၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

## အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် တောင်ငူဇုန်၌ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ သာယာဝတီဇုန်၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်း ဒေသကြီးအသင်းကိုငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ဇုန်၌ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

❖ ကျောဖုံးမှ

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IEMS Co.,Ltd. မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူများက အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ -၂၀၁၀ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် အဖွဲ့ဝင်များနှင့်အတူ အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ -၂၀၁၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

## မြန်မာ-ဖိလစ်ပိုင် သံတမန်ဆက်ဆံရေးထူထောင်သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Maria Hellen M. Barber နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးဌေးဦးနှင့် သံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖိလစ်ပိုင် ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်-နေ့လယ်-ည)**

**၂၅-၉-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော်(တောင်တန်းသာသနာပြုဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့်ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဒေါ်သစိတ်ကိုမမွေးအပ်) တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (မြန်မာ့အလှ) တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်းအနုပညာသတင်း(၉)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-အမေမှာ မှာတဲ့အတိုင်း)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (အစိမ်းရောင်ရသ) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (တော်သလင်းလလှေပြိုင်ပွဲကျင်းပဂရုဓမ္မသီလစောင့်ထိန်းကြ)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ ရေဒီယိုအတိုတ်တေးအရိပ်
၇း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ခရီးသွားစဉ် ဝမ်းပျက်ဝမ်းလျှောကင်းဝေးစေရန်) တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNMC Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Zhang Keli နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## Silver Tiger Co.,Ltd. (အလှဆင်မီးပန်းဆိုင်းများ) အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ - ၂၀၁၀ တွင် ပါဝင်ပြသ

**ရန်ကုန် စက်တင်ဘာ ၂၄**

Silver Tiger Co.,Ltd. (အလှဆင်မီးပန်းဆိုင်းများ)သည် စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသော အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ တွင် ပါဝင်ပြသလျက်ရှိသည်။

ပြပွဲတွင် Silver Tiger Co.,Ltd. ၏ ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးပြခန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအာမခံဖြင့် ရောင်းချပေးသည့် မီးအားသက်သာစေသော Opple တံဆိပ်လျှပ်စစ်ပစ္စည်းများ၊ ယနေ့ခေတ်နှင့်အညီ ဆောက်လုပ်နေသော Modern Design အဆောက်အအုံများအတွက် LED မီးဆိုင်းများနှင့် ခြံဝင်းအတွင်း အလှဆင်နိုင်သော Water Proof လုံခြုံရေးမီးများ၊ Brass ကြေးအစစ်နှင့် ပြုလုပ်ထားသော အလှဆင်မီးဆိုင်းအမျိုးမျိုး၊ Austria နိုင်ငံမှ Swarovski Elements Crystal Lighting အမျိုးမျိုး၊ အီဂျစ်နိုင်ငံမှ Asfour Crystal မီးဆိုင်းများနှင့် အခြားအိမ်တွင်းအလှဆင် လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေသည်။ **(အောက်ပုံ)**

စက်တင်ဘာ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချမည်ဖြစ်သည့်အပြင် အမှတ် G(4-5-6) အဆောင် (C) ပုလဲကွန်ဒိုကမ္ဘာအေးစေတီလမ်း ဖုန်း-၀၁-၅၅၉၄-၃၃၊ ၅၅၅၁၅၅၊ အမှတ် G (13-14) အောင်ဆန်းကွင်း အနောက်ဘက်တန်း ဖုန်း-၀၁-၃၇၁၅၃၃၊၃၉၄၈၂၁၊ အမှတ် (၁၅၉/၁၆၁) မြေညီထပ် (၂) (၂၉)လမ်း (အလယ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၅၀၆၁၅၊ အမှတ် (၂၆၇) ၂၆လမ်း၊ ၈၃×၈၄ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၄၉၅၇၊ ၆၆၆၃၆ နှင့် Nice Electric အမှတ်(၂၆၃) ၈၃ လမ်း၊ ၂၉×၃၀ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၆၀၁ တို့တွင်လည်း ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNMC Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Zhang Keli နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အလုံသင်္ဘောကျင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးသိန်းဆွေ အလုံသင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အလုံကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ရောခန်းမသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ရေယာဉ်အင်အား၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု၊ ရေယာဉ်များ အသစ်တည်ဆောက်မှုနှင့် ပြင်ဆင်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအက်စ်ကေမြတ်သူက အင်ဂျင်နီယာဌာန အလုံသင်္ဘောကျင်း၏ ရေယာဉ်များ အကြီးစား၊ အသေးစား ပြင်ဆင်ခြင်းနှင့် ရေယာဉ်အဟောင်းများ ပြန်လည်မွမ်းမံပြင်ဆင်ခြင်း အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။**

### မှာကြား

ထို့နောက် ဝန်ကြီးက ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် အသုံးစရိတ်များ စနစ်တကျ ချွေတာသုံးစွဲရေး၊ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်း အချင်းချင်း စည်းလုံးညီညွတ်မှုရှိရေးနှင့် စိတ်ကောင်းစေတနာကောင်းဖြင့် ကြိုးစား လုပ်ကိုင်ကြရေးတို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် အသစ်တည်ဆောက်လျက်ရှိသော ကုန်တင်တွဲယာဉ် သစ်များနှင့် ကုန်တင်ရေယာဉ်သစ်များ၊ တန်ချိန် ၁၈၀၀ ကမ်းရိုးတန်းသွား ဆီတင် ရေယာဉ်များအသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေ၊ ရေယာဉ်ဟောင်းများ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ပြင်ဆင်ခြင်းနှင့် အကြီးစား၊ အသေး စား မွမ်းမံပြင်ဆင်ပြုပြင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**သဘာပတိ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကျန်းမာရေးဝန်ကြီးဌာန (၁၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

**ကျန်းမာရေးဝန်ကြီးဌာန (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများနှင့် နီးနွယ်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကော်မတီဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး က အဖွင့်အမှာစကားပြောကြားပြီး (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရန် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းအကြံပြု

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မသန်စွမ်းသူများအတွက် ဘောလုံးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေ ဘောလုံးပွဲအဖြစ် သရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော Actor Star Football Club နှင့် အောင်မြင်ကျော်ကြားခဲ့သော မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများဖြင့် ဖွဲ့စည်းထားသော All Star Football Club (1993)တို့ စက်တင်ဘာ ၂၇ ရက်(တနင်္လာနေ့) ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဘောလုံးပွဲကို ကြည့်ရှုအားပေးလိုသူများနှင့် မသန်စွမ်းသူများ၊ မသန်စွမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းကျောင်းများသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ရုံးခန်း အမှတ် (၇၉၇) အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာစစ်တုရင် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ စစ်တုရင် တစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၁၀ ရက်အထိ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ နေ့စဉ် နံနက် ၈နာရီခွဲမှ စတင်၍ ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် မြန်မာ့ရိုးရာ စစ်တုရင် အားကစားသမားများသည် အောက်တိုဘာ ၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ စာရင်းပေးသွင်းနိုင်သည်။ မြန်မာ့ရိုးရာ စစ်တုရင်အားကစား နည်းအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)


ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

World Heart Day

၂၀၁၀-ခုနှစ် စက်တင်ဘာလ (၂၆) ရက်

နှလုံးကျန်းမာ လုပ်ခွင်သာ

I work with heart

ကျန်းမာရေးဝန်ကြီးဌာန


# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၅-၉-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၀၀ ၅။ Yan Can Cook
- ၁၂း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၅)**
- ၁း၃၀ ၇။ "မဟော်သဓာ"(ပထမပိုင်း) (အားသစ်၊ ချစ်စရာ၊ မင်းသစ်၊ မင်းဇော်၊ စိန်ပန်း) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁း၅၅ ၈။ "ဆည်းဆာချိန်လေးလှပါစေ"
- ၂း၂၅ ၉။ တေးဂီတအစီအစဉ်
- ၂း၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၄၅ ၁၁။ "နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၂း၅၅ ၁၂။ International News
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၃၀ ၁။ AFC President's 2010 ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (အကြိုဗိုလ်လုပွဲ) (Dordol Bishkek (KG) အသင်းနှင့် ITTU(TKM) အသင်း)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ အတီးပြိုင်ပွဲ
- ၅း၄၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅း၅၀ ၇။ မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၁။ **ယဉ်တစ်ကိုယ်မယ် (ဂျင်းနီ) (ဒါရိုက်တာ-ခေတ်ဘုန်းမို)**
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၁၇)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း - ၆၀)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး "(အပိုင်း-၂၁)**
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ အစီအစဉ်ပြီး၏။

**ပုဇွန်တောင်မြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အမှုဆောင်များ မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ (၁၁၄)နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှုတွင် ပါဝင်လှူဒါန်းနိုင်ရန် အမှတ်(၃၃၄) ပြည်လမ်း စမ်းချောင်းမြို့နယ်ရှိ မလွန်ဈေးဆန်လှူအသင်းကြီး (ရန်ကုန်ဌာနခွဲ) အောက်မြန်မာပြည်သို့ ဆွမ်းဆန်တော် အလှူငွေကျပ် ၄၂၀၀၀၀နှင့် ထာဝရ ငွေပဒေသာပင် အလှူငွေ ကျပ် ၃၀၀၀၀၀ ကို အလှူရှင်များကိုယ်စား လှူဒါန်းရာ (ရန်ကုန်ဌာနခွဲ) အောက်မြန်မာပြည် ဒုတိယတာဝန်ခံ ဦးအောင်ရဲဇော် လက်ခံ ရယူစဉ်။** (ကြေးမုံ)

**✻ ကမ္ဘာကြီးမှ**

ကွာခြားခြင်း မဟုတ်၊ သိသိသာသာ ကွာခြားခြင်းများရှိနေသည်ကို သတိပြုမိသည်။ ဆိုလာသုံးစွဲလိုသူများအဖို့ မျက်စိလည်ချင်စရာ၊ စိတ်ရှုပ်ချင်စရာ ဖြစ်သည်။ မှန်ပါသည်။ ဆိုလာသည် မီးစက်(Generator) နှင့် နှိုင်းယှဉ်လျှင် ကနဦး ရင်းနှီးမြှုပ်နှံမှုမှာ ဆိုလာက ဈေးကြီးမြင့်မှာ သေချာပါသည်။သို့သော် ဆိုလာက 'တစ်ခါဆက်ဆံ ရာသက်ပန်' ဟု ဆိုနိုင်သည့် ရေရှည်သုံးပစ္စည်းဖြစ်သည်။ တစ်ခါကုန်ပြီးသည်နှင့် နောက်ပိုင်းတွင် ကုန်ကျစရိတ် မည်မည်ရရမရှိတော့ပေ။ ဆိုလာက ဈေးကြီးမြင့်သည်။ သို့သော်လည်း လက်ရှိ မျက်မှောက်ခေတ် အခြေအနေတွင်ဈေးနှုန်းများသိသိသာသာ ကျလာသည်။ အရည်အသွေးများက ပိုမိုကောင်းမွန်လာသည်။ မိမိတို့နိုင်ငံ ဈေးကွက်တွင် နှိုင်းယှဉ်ကြည့်လျှင်ပင် လွန်ခဲ့သည့် ၃-၄ နှစ်က ဆိုလာဈေးနှုန်းများနှင့် ယခုဈေးနှုန်းများလျှင်ပင် သိသိသာသာ လျော့ကျသွားသည်။ အရည်အသွေး အာမခံချက်ရှိသည့် ဆိုလာအမျိုးအစားများ ဈေးကွက်၌ ဝင်ရောက်လာသည်။ ဆိုလာသုံးစွဲရာတွင် သုံးစွဲသူ၏ ဆိုလာပြားအမျိုးအစား၊ တွဲဖက်ပစ္စည်းများ၏ အမျိုးအစားနှင့် အရည်အသွေး၊ သုံးစွဲသည့် လျှပ်စစ်ပစ္စည်း၊ သုံးစွဲချိန်တို့အပေါ် မူတည်၍ ဈေးနှုန်းကွာခြားချက်များ မလွဲမသွေ ရှိလာမည်သာဖြစ်သည်။ တစ်ခုနှင့်တစ်ခု တူနိုင်မည်မဟုတ်ပေ။ ဈေးကွက်တွင် ဆိုလာပြားတံဆိပ် အမှတ်အသားမျိုးစုံကို တွေ့ရှိနိုင်သည်။ Solar Cell များ တည်ဆောက်မှုမှာလည်း ကွဲပြားသည်။ တည်ဆောက်သည့် နည်းပညာ၊အသုံးပြုသည့်ပစ္စည်းပေါ် မူတည်၍ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင် စုပ်ယူဓာတ်ပြုနိုင်သည့် ရာနှုန်း ကွာခြားသည်။ ဆိုလာပြား အရွယ်အစား တူညီသော်လည်း ထုတ်ပေးနိုင်သည့် လျှပ်စစ်အား ပမာဏ ကွာခြားသည်။ ဆိုလာပြားများ၏အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားသကဲ့သို့ အာမခံ သက်တမ်းမှာလည်း ကွာမည်။အချို့ဆိုလာများမှာ အာမခံပေးထားခြင်း မရှိပေ။အလားတူနှင့် တွဲဖက်သုံးစွဲရသည့်Charge Controller, Battery, Inverter အမျိုးအစား အရည်အသွေးပေါ် မူတည်၍ဈေးနှုန်းများ ကွာခြားသည်။

အရည်အသွေးမြင့် ပစ္စည်းများသည် ဈေးနှုန်းကြီးမြင့်သော်လည်း ဆိုလာစနစ်နှင့် တွဲဖက်သုံးစွဲရန် ထုတ်လုပ်ထားခြင်းဖြစ်၍ နှစ်ရှည်သုံးစွဲနိုင်သည်။ ဆိုလာမှ ထွက်ရှိလာသည့် လျှပ်စစ်စွမ်းအင်ကို ထိထိရောက်ရောက် စွမ်းအားပြည့် ထုတ်ယူအသုံးပြုနိုင်သည်သုံးစွဲသည့် ဝန်အားချင်းအတူတူ အသုံးပြုသည့် တွဲဖက်ပစ္စည်းများအပေါ် မူတည်၍ ကုန်ကျစရိတ်များ နှစ်ဆမှ ငါးဆထိ ကွာခြားနိုင်သည်။ အခြားအကြောင်းတစ်ချက် အနေဖြင့် သုံးစွဲသည့် လျှပ်စစ်ပစ္စည်းများပေါ် မူတည်၍ ကုန်ကျစရိတ်အနည်းအများ ဖြစ်ပေါ်နိုင်သည်။သာမန်အားဖြင့် မီးအလင်းရောင်အတွက် သုံးခြင်း၊ ရုပ်မြင်သံကြား၊ DVD ပြခြင်းများသည် ဝန်ဆွဲအား

**ဆိုလာနှင့် တွဲဖက်သုံးစွဲရသော ပစ္စည်းများ။**

သက်သာပြီး လေအေးပေးစက်များ၊ မော်တာစက်များ သုံးစွဲလည်ပတ်ခြင်းများသည် စက်စတင်လည်ပတ်ချိန်၌အခြားပစ္စည်းများထက် ဝန်ရှန်းအားပိုသည့်အတွက် အမှန်တကယ်သုံးမည့် ဝန်အားထက် ဆိုလာပြားများ ပိုမိုသုံးစွဲရသည့်အတွက်ကုန်ကျစရိတ် ပိုမိုများပြားသည်။ အလင်းရောင် (Lighting) အတွက် သုံးစွဲရာ၌ပင်လျှင် AC အားသုံး မီးလုံး၊ မီးချောင်းများ မသုံးဘဲ DC အားသုံး မီးလုံး၊ မီးချောင်းများသုံးပါက DCအားသုံး LED မီးလုံး၊မီးချောင်း တန်ဖိုးများ ကြီးမြင့်သော်လည်း Inverter သုံးရန်မလိုခြင်း၊ ရေရှည်သုံးစွဲနိုင်ခြင်း၊ဝန်ဆွဲအား လျော့နည်းသွားခြင်း စသည့် အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ဆိုလာစွမ်းအင်ကို သုံးစွဲရာတွင် သုံးစွဲသည့်အချိန်ပေါ် မူတည်၍ ကုန်ကျစရိတ် ကွာခြားမှုများ ရှိမည်ဖြစ်သည်။ အချို့က ဆိုလာစွမ်းအင်ကို ပုံမှန်လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်ခဏသာသုံးပြီး ပုံမှန်လျှပ်စစ်ဓာတ်အားမရသည့်နေရာများတွင် အဓိကလျှပ်စစ်ဓာတ်အားအဖြစ် အချိန်ကြာကြာ သုံးရသည်။

သုံးစွဲသည့် အချိန်ပေါ် မူတည်၍ ကုန်ကျစရိတ်အနည်းအများကွာခြားပေမည်။ သို့ဖြစ်၍ ဆိုလာစွမ်းအင်သုံးစွဲခြင်း၏ ကုန်ကျစရိတ်များမှာ တစ်ဦးနှင့်တစ်ဦး ထပ်တူထပ်မျှ တူညီနိုင်ရန် ခဲယဉ်းသည်။ ပုံမှန်လျှပ်စစ်မီးမရသေးသည့်ကျေးလက်ဒေသများတွင်အိမ်သုံးမီးလုံး၊မီးချောင်း ည ၂ နာရီ၊ ၃ နာရီ သုံးနိုင်ရန် ရည်ရွယ်ပြီး ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းတစ်မျိုးတည်းဖြင့် ရောင်းချသည့် Solar Package များရှိသော်လည်း ဝန်အားများပြားသည့် နေအိမ်သုံးစွဲခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် သုံးစွဲခြင်းများတွင် ကျွမ်းကျင်သည့် အင်ဂျင်နီယာများနှင့် တွက်ချက်ပုံစံထုတ်၍ တပ်ဆင်အသုံးပြုခြင်းသာ အသင့်လျော်ဆုံး ဖြစ်ပါသည်။ ဆိုလာသုံးစွဲခြင်း၏ အနှစ်သာရမှာ ရေရှည်သုံးစွဲနိုင်ရေး ဖြစ်ပါသည်။ ရေရှည်သုံးစွဲနိုင်မှသာ ကုန်ကျစရိတ်များ သက်သာပါမည်။ အရည်အသွေးအာမခံချက်ရှိသည့် ဆိုလာပြားအမျိုးအစားများ ရွေးချယ်သုံးစွဲခြင်း၊ ဆိုလာနှင့် တွဲဖက်သုံးစွဲရန်ထုတ်လုပ်ထားသည့် Charge Controller, Battery, Inverter များသုံးစွဲခြင်းများဖြစ်မှသာ ဆိုလာ၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်ပါလိမ့်မည်။ ကနဦးရင်းနှီးမြှုပ်နှံမှု များသည်ဟုယူဆနိုင်သော်လည်း ရေရှည်အတွက်ဆိုလျှင် ဆိုလာစွမ်းအင်က မီးစက် (Generator) သုံးစွဲခြင်းထက်သက်သာတာသေချာပါသည်။ ကုန်ကျစရိတ် တစ်မျိုးတည်းဖြင့်သာ နှိုင်းယှဉ်ခြင်း ဖြစ်ပြီး ကျန်အားသာချက်များ အများအပြားရှိသည်။ ဆိုလာသုံးစွဲမှုကို သုံးစွဲသူ၏ပတ်ဝန်းကျင်ကနှစ်ခြိုက်သဘောကျသကဲ့သို့ ကမ္ဘာကြီးကလည်း သူ့အသက်ရှည်ရေးအတွက် သုံးစေလိုသည့်ဆန္ဒရှိပါသည်။




**ဆိုလာနှင့် တွဲဖက်သုံးစွဲရသော ပစ္စည်းများ။**

## နိုင်ငံတကာတွင် ဆိုလာသုံးစွဲမှု အခြေအနေ

အနာဂတ်ကာလတွင် ဆိုလာစွမ်းအင်သည် ကမ္ဘာ၏ အဓိကစွမ်းအင်အဖြစ်သုံးစွဲရမည်မှာ သေချာသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး အစရှိသည့် ရုပ်ကြွင်းလောင်စာ စွမ်းအင်များ၏ ဈေးနှုန်းများက တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ ဤစွမ်းအင်များအပေါ် မှီခိုအားထားနေမှုများကို လျှော့ချပြီး ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) များ အစားထိုးသုံးစွဲနိုင်ရေး နိုင်ငံတိုင်းမှ အစီအစဉ်များချမှတ် လုပ်ဆောင်လျက်ရှိသည်။ ပြည့်ဖြိုးမြဲစွမ်းအင်များထဲတွင် ဆိုလာစွမ်းအင်သည် ထိပ်ဆုံးမှာရှိနေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆိုလာစွမ်းအင်ကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်း၊ ကူညီထောက်ပံ့မှုများ ပေးခြင်းများကို အစီအစဉ်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံဆိုလျှင် ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးတက်အသုံးပြုနိုင်ရေးအတွက် သီးခြားဝန်ကြီးဌာန Ministry of New and Renewable Energy အသစ်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဤဝန်ကြီးဌာနအနေဖြင့် ဆိုလာစွမ်းအင် အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ရေး မူဝါဒများချမှတ်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်များထုတ်ပေးခြင်း၊ နိုင်ငံတော် အစီအစဉ်ဖြင့် ဆိုလာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ငွေကြေးအရင်းအနှီး သုံးစွဲကျခံနိုင်ခြင်း၊ နည်းပညာကျွမ်းကျင် မြင့်မားခြင်းအပေါ် မူတည်၍ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဆိုလာသုံးစွဲမှုများအပေါ် အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်းများ ကွာခြားသည်။ နိုင်ငံတကာတွင် ဆိုလာစွမ်းအင် သုံးစွဲမှုများနှင့် စပ်လျဉ်း၍ Solar Hut အမည်ဖြင့် ဆိုလာတပ်ဆင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းမှအင်ဂျင်နီယာဦးခင်မောင်အား မေးမြန်းစူးစမ်းကြည့်သည်။ ဦးခင်မောင်သည် ဩစတြေးလျနိုင်ငံတွင် အင်ဂျင်နီယာအလုပ်ဖြင့် နှစ်အတော်ကြာနေခဲ့သူ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆိုလာသုံးစွဲမှုများ ကျယ်ပြန့်လာစေရေးအတွက် Solar Hut လုပ်ငန်းကို ထူထောင်ထားပြီး ဆိုလာနှင့်စပ်လျဉ်း၍ ဝါသနာပါသူ အင်ဂျင်နီယာလူငယ်များအား အခမဲ့သင်တန်းပေးခြင်း၊ နည်းပညာ မျှဝေပေးခြင်းများ လုပ်ဆောင်နေသူဖြစ်သည်။ဦးခင်မောင်က "နိုင်ငံတကာ ဆိုလာသုံးစွဲမှုတွေကြည့်ရင်ဖွံ့ဖြိုးပြီးနိုင်ငံတွေက ပိုသုံးကြပါတယ်။ သူတို့ဆီမှာတော့ စွမ်းအင်လိုအပ်ချက်ကလည်း အမြဲမြင့်တက်နေပြီး ပုံမှန်လျှပ်စစ်ဓာတ်အားခ နှုန်းထားများကလည်း သိပ်မြင့်တဲ့အတွက် ကုန်ကျစရိတ်သက်သာဖို့ ဆိုလာနဲ့ တွဲသုံးကြတယ်။ ဆိုလာစွမ်းအင်ကို သုံးစွဲတဲ့အခါ မဟာဓာတ်အားလိုင်း (National Grid)နဲ့ ချိတ်ဆက်သုံးတဲ့ On Grid System နဲ့ Solar စွမ်းအင်ချည်း သီးခြားသုံးတဲ့ Off Grid System ဆိုပြီး နှစ်မျိုးရှိတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ မဟာဓာတ်အားလိုင်းနဲ့ ဆိုလာကိုချိတ်ပြီး On Grid System ပုံစံနဲ့ သုံးကြတော့သုံးရတာပိုပြီးလည်းအဆင်ပြေတယ်။ကုန်ကျစရိတ်လည်းသက်သာတယ်" ဟုရှင်းပြသည်။ ဘာကြောင့် ကုန်ကျစရိတ် သက်သာတာလဲ မေးကြည့်ရာ ဦးခင်မောင်က "Solar က ထွက်လာတဲ့ လျှပ်စစ်ဓာတ်အားဆိုတာ ပုံမှန်တစ်ပြေးညီ ထွက်တာမဟုတ်ဘူး။ အလင်းရောင်ရရှိမှု အနိမ့်အမြင့်ပေါ် မူတည်ပြီး ဓာတ်အားဝင်ရောက်မှု အနည်းအများဖြစ်တယ်။ နေ့အချိန်မှာ သုံးရင် Battery မလိုဘူး ထင်ရပေမယ့် အချိန်မရွေး ကိုယ်သုံးချင်တဲ့ဝန်ကိုသုံးနိုင်ဖို့ Bettery ကြားခံလိုတယ်။ဒါပေမယ့် မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်သုံးတဲ့အခါမှာတော့ Solar က ထွက်တဲ့အားနည်းနေတဲ့အချိန်မှာ မဟာဓာတ်အားလိုင်းက လိုနေတဲ့အားကိုဖြည့်ပေးတယ်။ ဆိုလာကအားပိုလာလို့ မဟာဓာတ်အားလိုင်းထဲ ပြန်ဖြည့်ပေးရင်လည်းလက်ခံတယ်။ အဲဒီလိုလုပ်ထားတော့ သူတို့ဆီမှာ ဟိုတယ်ကြီးတွေ၊ ကုန်တိုက်ကြီးတွေ၊ ဆေးရုံကြီးတွေမှာ ဆိုလာနဲ့ မဟာဓာတ်အားလိုင်းတွဲပြီး On Grid System အနေနဲ့သုံးတယ်။ ဆိုလာကအားကို နေ့ဘက်မှာ On Grid Systemအနေနဲ့သုံးတော့ Battery လည်း မလိုတော့ဘူး။ အဆင့်မြင့် Inverter ကြီးတွေပဲ လိုတယ်။ ဆိုလာက ရေရှည်ကုန်ကျစရိတ် မရှိသလောက်ကိုသက်သာတော့ သုံးကြတာများတယ်။မဟာဓာတ်အားလိုင်းကလည်း သူတို့ရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ပေးတဲ့အတွက် On Grid စနစ် Solar သုံးစွဲမှုကို လက်ခံတယ်။ နိုင်ငံတော်အစိုးရကလည်း အားပေးတယ်။ ဝေးဝေးမကြည့်နဲ့၊ စင်ကာပူမှာ နောက်ဖွင့်တဲ့ Santosa ထဲက Universal Studio တို့၊ Marina Bay Resort တို့မှာ Solar System နဲ့ လျှပ်စစ်ဓာတ်အားသုံးထားတာ တွေ့ရမယ်။မလေးရှားမှာဆိုရင် မဟာဓာတ်အားလိုင်း လျှပ်စစ်မီတာခနှုန်းထားက စင်ကာပူထက်စာရင် တော်တော်သက်သာတယ်။ စင်ကာပူက တစ်ယူနစ်ကို မြန်မာငွေ ကျပ် ၃၀၀ လောက် ရှိတယ်။ မလေးရှားက ကျပ် ၁၀၀ လောက်ရှိတယ်။ ဒီတော့ Solar သုံးစွဲသူ စင်ကာပူထက်စာရင် နည်းတယ်။ဒါပေမယ့် အစိုးရက ဆိုလာသုံးစွဲမှုကို အားပေးတဲ့အနေနဲ့ On Grid System နဲ့ Solar ကိုတွဲသုံးလို့ Solar ကပိုတဲ့လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းထဲ ပြန်ထည့်ပေးရင် သူတို့ကောက်ခံတဲ့ နှုန်းထားထက် သုံးဆလောက် ပြန်ပေးတယ်လို့ မလေးရှားမိတ်ဆွေတစ်ယောက်ကပြောဖူးတယ်။ ဖိလစ်ပိုင်လိုနိုင်ငံမျိုးမှာတော့ မဟာဓာတ်အားလိုင်း သွယ်တန်းဖို့ခက်တဲ့ ကျွန်းငယ်လေးတွေမှာ ဆိုလာစွမ်းအင်သုံး အသေးစား ဓာတ်အားပေးစက်ရုံလေးတွေ အစိုးရက စီမံကိန်းချပြီးလုပ်ပေးနေတာတွေ့ရှိတယ်။ ဩစတြေးလျမှာဆိုရင် ဒီဇယ်၊ ဓာတ်ဆီ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး သုံးစွဲတဲ့ စက်ရုံအလုပ်ရုံတွေဆိုရင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေလို့ Carbon Tax လို့ ခေါ်တဲ့ အခွန်ပိုကောက်တယ်။ ဆိုလာသုံးရင် အခွန်လျှော့ပေးတယ်။ ပြီးတော့ ပြည်သူလူထု Solar ပိုမိုသုံးစွဲနိုင်အောင် အတိုးမဲ့ငွေချေးပေးတာ၊ အရစ်ကျငွေချေတဲ့စနစ်နဲ့ ရောင်းပေးတာမျိုးတွေ၊ အစိုးရက ရာနှုန်းအလိုက် ကျခံပေးတာမျိုးတွေ ရှိတယ်။ ဒါကနီးစပ်ရာကို ပြောတာပါ။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေကတော့ Solarသုံးစွဲမှု ကျယ်ပြန့်လာအောင် နည်းလမ်းမျိုးစုံနဲ့အားပေးကြတယ်။ သူတို့ဆီမှာ အရှိန်တော်တော်ရနေပါပြီ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံတော့ မတူဘူးပေ့ါ။ နိုင်ငံတိုင်းလိုလိုက Solar စွမ်းအင်ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဓိကလောင်စာ စွမ်းအင်အဖြစ် သုံးလာရမှာဆိုတော့ ခုကတည်းက တတ်နိုင်သမျှ ကြိုတင်မျှော်မှန်းပြီး အကောင်အထည် ဖော်နေကြတာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

မှန်ပါသည်။ ဆိုလာစွမ်းအင် သုံးစွဲမှုသည် တစ်နေ့တခြား ကျယ်ပြန့်လျက်ရှိသည်။ မဝေးတော့သည့် အနာဂတ်ကာလတွင် ဆိုလာစွမ်းအင်သည် ကမ္ဘာ၏အဓိကစွမ်းအင်အဖြစ် နေရာယူတော့မည်ဖြစ်သည်။ ဤသည်ကိုမျှော်မှန်း၍ နိုင်ငံအသီးသီးက ကြိုတင်ပြင်ဆင်ကြသည်။ သိပ္ပံပညာရှင်များက စဉ်ဆက်မပြတ် သုတေသနပြုကြသည်။အနာဂတ်ကာလတွင် ဆိုလာသုံးစွဲမှု ကုန်ကျစရိတ်များမှာလက်ရှိထက်လျော့နည်းသွားပြီး စွမ်းဆောင်နိုင်မှုများမှာလည်း ပိုမိုမြင့်တက်လာမည်မှာ သေချာပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် တာပိန်(၁)ရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်ခွင့်ဆိုင်ရာ လုပ်ငန်းခွင့်ပြုမိန့်များ ပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်ခွင့်ဆိုင်ရာ လုပ်ငန်းခွင့်ပြုမိန့်များပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

**မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် Upstream Ayeyawady Confluence Basin Hydropower Co., Ltd. နှင့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Dapein (1) Hydropower Co., Ltd. တို့အား လုပ်ငန်းဆောင်ရွက်ခွင့်ဆိုင်ရာ လုပ်ငန်းခွင့်ပြုမိန့်များပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရွှေနေချုပ် ဦးအေးမောင်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Upstream Ayeyawady Confluence Basin Hydropower Co., Ltd. မှ Vice President Mme. ZHANG Xiaolu နှင့် အဖွဲ့ဝင်များ၊ Dapein (1) Hydropower Co., Ltd. မှ President Mr. Kou Bing-en နှင့် အဖွဲ့ဝင်များ၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ တာမိုးညဲချမ်းသာ ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Upstream Ayeyawady Confluence Basin Hydropower Co., Ltd. မှ Vice President Mme.ZHANG Xiaolu နှင့် Dapein (1) Hydropower Co., Ltd. မှ President Mr. Kou Bing-en တို့က လုပ်ငန်းဆောင်ရွက်ခွင့်ဆိုင်ရာ လုပ်ငန်းခွင့်ပြုမိန့်များ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ Upstream Ayeyawady Confluence Basin Hydropower Co.,Ltd.နှင့် Dapein (1) Hydropower Co., Ltd. တို့အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းခွင့်ပြုမိန့်ကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များကို လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက Legal Opinion များနှင့် Concseeion Rights များကို လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် Upstream Ayeyawady Confluence Basin Hydropower Co., Ltd. ထုထောင်သည့် အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဝန်ကြီး ဦးဇော်မင်းနှင့် CPI မှ Vice President Mme. ZHANG Xiaolu တို့က လည်းကောင်း၊ Dapein (1) Hydropower Co., Ltd. ထုထောင်သည့် အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဝန်ကြီး ဦးဇော်မင်းနှင့် DUHD မှ Vice President Mr.Wu Jing တို့က လည်းကောင်း ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber လှူဒါန်းသည့် စာအုပ်များကို လက်ခံစဉ်။**
(သတင်းစဉ်)

# မြန်မာ-ဖိလစ်ပိုင် သံတမန်ဆက်ဆံရေးထူထောင်သည့်(၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖိလစ်ပိုင်ဘာသာစကားဆိုင်ရာ စာအုပ်များလှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့ အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖိလစ်ပိုင်ဘာသာစကားဆိုင်ရာ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber လှူဒါန်းသည့် စာအုပ်များကို လက်ခံသည်။

အဆိုပါစာအုပ်များ လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်း စစ်ဆေးသူ၊ မဲပြားထုတ်ပေးသူ၊ မဲရုံလုံခြုံရေးနှင့် မဲရုံအဖွဲ့ဝင်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လုပ်ငန်းတာဝန်များဆိုင်ရာဆင့်ပွားသင်တန်းကို လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် လှိုင်မြို့နယ် တာဝန်ခံ ဦးငွေထွန်းဦး **(အောက်ပုံ)**၊ လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်သည့် မြို့နယ်ဥပဒေအရာရှိ ဦးမြသန်း၊ မြို့နယ် လဝကမှူး ဦးနိုင်အောင်ထွန်း၊ ဦးသန်းအောင်၊ ဦးခင်မောင်ဝင်း၊ ဦးနိုင်ကြည်နှင့် ဦးလှထွန်းတို့က အပိုင်းလိုက်ဆွေးနွေးကြပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့ဝင်များမှ ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ ဆင့်ပွားသင်တန်းသို့ မဲရုံးမှူးနှင့် အဖွဲ့ဝင်အင်အား ၂၂၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

# အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၀) `e Ko - ခေတ်မီရုံးသုံးပရိဘောဂများ ပါဝင်ပြသ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ခင်းကျင်းပြသမည့် အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၀)တွင် Nat Ray Co.,Ltd.မှ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသည့် စင်ကာပူနိုင်ငံထုတ် EURO အမှတ်တံဆိပ် `e Ko Office Solution ခေတ်မီ ရုံးသုံးပရိဘောဂများကို ခင်းကျင်းပြသထားသည်။

EURO အမှတ်တံဆိပ် ရုံးသုံးပရိဘောဂများကို သုံးစွဲခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ရုံးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ခေတ်မီ စတိုင်ကျလှပပြီး ဝန်ထမ်းများအတွက် သက်သောင့်သက်သာ ဖြစ်စေ၍ လုပ်အားစွမ်းအင်များ တိုးတက်စေသည်။ ရုံးလုပ်ငန်းများ စနစ်ကျ၍ လုပ်ငန်းများ မြန်ဆန်ပြီး စိတ်ဓာတ်စွမ်းအင်များ တိုးတက်စေသည်။ EURO အမှတ်တံဆိပ် ရုံးသုံးပရိဘောဂများထဲတွင် ကုလားထိုင်ခုံမှာ စိတ်တိုင်းကျလိုအပ်သလိုသုံးစွဲနိုင်သည့် အရည်အသွေးရှိသည်။ ပေါ့ပါးပြီး စတိုင်ကျလှပသည်။ System Office Furniture မှာ ရုံးလုပ်ငန်းများတွင် အရေးကြီးကဏ္ဍတစ်ခုတွင် ပါဝင်လာသဖြင့် EURO အမှတ်တံဆိပ် ရုံးသုံးပရိဘောဂများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် သံရုံးများ၊UN အဖွဲ့အစည်းများ၊ NGO အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်ကြီးများတွင် သုံးစွဲလျက်ရှိသည်။ ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

ပြပွဲအပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာအဆောက်အအုံ အမှတ်(A-2) ဖုန်း-၀၁-၆၅၂၃၉၁၊ ၀၉-၈၀၁၁၂၇၇၊ Casabella ရန်ကုန် အမှတ်(၂၂) ပြည်လမ်း (၉)မိုင် ဖုန်း-၆၆၄၁၆၁၊ ၆၆၀၇၆၉၊ Casabella မန္တလေး D5 - မန်းမြန်မာ(၇၈)လမ်း(၂၇)လမ်းနှင့် (၂၈) လမ်းကြား ဖုန်း-၀၂-၇၂၃၄၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၉-၂၀၁၀ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဇောဇ္ဇင်္ဂသုတ်+ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အာရုံခြောက်ပါး" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)] |
| ၆း၄၀ | ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၄)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၈)** |
| ၈း၄၀ | သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော် |
| ၉း၀၀ | Activities In the City (Myanmar NGO, Network 2nd Anniversary) |
| ၉း၁၅ | အနုပညာရပ်ဝန်းမှရှင်ခုန်သံများ "ချစ်လို့ဆိုးတယ်" ရိုက်ကွင်းအမှတ်တရ |
| ၉း၃၅ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၀၅ | အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွတ်စက်ရုံ |
| ၁၀း၂၅ | သွားမယ်စားမယ် (GOLDEN SEA FOOD) |
| ၁၀း၅၀ | ယုံကြည်စိတ်ချသူတို့ဘဝ |
| ၁၁း၂၀ | ဟိုတယ်လမ်းညွှန် (Hotel by the Red Canal) |
| ၁၂း၀၀ | အနုပညာကြယ်ပွင့်များနှင့်သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ) |
| ၁၂း၃၀ | သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော် သရုပ်ဆောင် နီနီဝင်းရွှေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၁း၀၀ | "အာရုံခြောက်ပါး" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)] |
| ၁း၅၀ | ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် "မဟာရွှေသိမ်တော်" |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Talent Show (စန္ဒရား ခွန်ဇာနည်တင်ကြွယ်) |
| ၂း၄၀ | VJ Choice |
| ၃း၁၀ | သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော် |
| ၃း၃၀ | ပန်းချီပြခန်း (Three Artists Show) |
| ၃း၄၅ | Activities In the City (Myanmar NGO, Network 2nd Anniversary) |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၈)** |
| ၄း၄၅ | ယုံကြည်စိတ်ချသူတို့ဘဝ |
| ၅း၁၅ | Sports Diary |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Movie Talk (ဇာတ်သဘင်မှရုပ်ရှင်သို့ကူးပြောင်းလာသောဇာတ်မင်းသားများ) (အပိုင်း-၂) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၅)** |
| ၇း၁၀ | ဖက်ရှင်လမ်းညွှန် (Aroma Zulu Dress Creation) |
| ၇း၃၅ | သူတို့ဘဝသူတို့ဟာသ (ဦးပေါ်စိန်) |
| ၈း၀၀ | MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် |
| ၈း၂၅ | Barclays Premier League (West Ham Vs Tottenham) |
| ၁၀း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၉)** |
| ၁၁း၀၅ | အနုပညာရပ်ဝန်းမှရှင်ခုန်သံများ "ချစ်လို့ဆိုးတယ်" ရိုက်ကွင်းအမှတ်တရ |
| ၁၁း၂၅ | စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် |
| ၁၁း၄၅ | အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွတ်စက်ရုံ |
| ၁၂း၀၅ | နေသားတကျအရေပြားအလှ "နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ" |
| ၁၂း၂၀ | နယ်ဉ်ဆန်းထွင် သစ်သီးအလှဆင် (ဟင်းသီးဟင်းရွက်များကို စားချင်စဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်း) |
| ၁၂း၄၅ | World of Knowledge (EXTREME ICE) |
| ၁း၃၅ | တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း) |
| ၁း၅၀ | Celebrity Profile (Michelle Yech) |
| ၂း၁၅ | နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ဝန်ဆောင်မှုလုပ်ငန်းများ |
| ၂း၄၀ | **အထင်** (ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ ဆုထက်ကုဋ္ဌေ၊ ချစ်ပု) (ဒါရိုက်တာ-မီးပွား) |
| ၂း၅၅ | လှေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန အကြောင်းသိကောင်းစရာ) |
| ၃း၂၀ | စီးဆင်းပါစေ မေတ္တာရေ (မေကဗျာ၊ ဖူးဖူး) |
| ၃း၃၅ | တိုးတက်စည်ပင ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ |
| ၃း၅၅ | ရောင်စုံရသနီယွန်ည |
| ၄း၃၀ | လှမ်းလာခဲ့ပါ. . . နောင်အင်းလေးကကြိုနေမှာ |
| ၄း၅၀ | ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Man City - Chelsea | ESPN(Live) |
| ၈း၂၅ | Liverpool - Sunderland | ESPN(Live) |
| | West Ham - Tottenham | STAR SPORTS (Live) |
| ၁၁း၀၀ | Blackpool - Blackburn | ESPN(SDD) |
| ၁၂း၀၀ | Birmingham- Wigan | STAR SPORTS(SDD) |

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ဗြိတိန်နိုင်ငံ၏ ကမ်းလွန် လေအားလျှပ်စစ်စက်ရုံတွင် တပ်ဆင်ထားသော လေရဟတ်တာဘိုင်။

## ကမ္ဘာ့အကြီးဆုံး ကမ်းလွန်လေအား လျှပ်စစ်စက်ရုံ ဗြိတိန်ဖွင့်လှစ်

**လန်ဒန် စက်တင်ဘာ ၂၄**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု၏ အဓိကလက်သည်ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချမည့် ဗြိတိန်အစိုးရ၏ စီမံချက်အရ ကမ္ဘာ့အကြီးဆုံး လေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို ဗြိတိန်နိုင်ငံ ကင့်ကမ်းရိုးတန်းဒေသအရှေ့ဘက် ကမ်းလွန်ရေပြင်၌ စက်တင်ဘာ ၂၃ ရက်က တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကင့်ကမ်းရိုးတန်းကမ်းလွန် ရေပြင်ရှိ ယင်းလေအားလျှပ်စစ်စက်ရုံကြီးတွင် လေရဟတ်တာဘိုင် ၁၀၀ တည်ဆောက်ထားပြီး နောက်ပိုင်းတွင် ၃၄၁ ခုအထိ တိုးချဲ့တည်ဆောက်ထားရန် ရည်ရွယ်ထားသည်။

**ထောက်ပံ့ပေးနိုင်**

စီမံကိန်းကို အကောင်အထည်ဖော်သော ဗက်တင်ဖောလ်ဆွီဒင် စွမ်းအင်ကုမ္ပဏီ၏ အဆိုအရ လက်ရှိတည်ဆောက်ထားသော လေရဟတ်တာဘိုင်များသည် လူနေအိမ် ၂၀၀၀၀၀ ကို လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ကြောင်းသိရသည်။

ကမ်းရိုးတန်းအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိသော လေရဟတ်တာဘိုင်ကြီးများသည် ပေ ၃၈၀ မြင့်မားပြီး စတုရန်းမိုင် ၂၂ မိုင်ကျော် ကျယ်ဝန်းသော ရေပြင်အတွင်းဖြန့်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ လေရဟတ်တာဘိုင်များမှ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်အထိထုတ်လုပ်နိုင်ပြီး ဗြိတိန်နိုင်ငံ၏ စွမ်းအင်ထုတ်လုပ်မှု စုစုပေါင်း ပမာဏကို ငါးဂီဂါဝပ်အထိ တိုးမြှင့်စေမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ။**

## အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ဆက်နိုင်ရန် အစ္စရေးနှင့် ပါလက်စတိုင်း နည်းလမ်းများရှာဖွေနေ

**ဂျေရုစလင် စက်တင်ဘာ ၂၄** - အနောက်ဘက်ကမ်းဒေသရှိ ဂျူးအခြေစိုက်အိမ်ရာများ ပြဿနာကြောင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ မပျက်ပြားစေရန်အတွက် အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် ယင်းပြဿနာအား ဖြေရှင်းနိုင်မည့်နည်းလမ်းကို အပူတပြင်း ရှာဖွေလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံ၏ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုဆိုင်းငံ့ကာလ ၁၀ လသည် စက်တင်ဘာ ၂၆ ရက်တွင် သက်တမ်းပြည့်မည်ဖြစ်သည်။ သို့ရာတွင် ပါလက်စတိုင်းနှင့် အမေရိကန်နိုင်ငံတို့၏ ယင်းအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလကို သက်တမ်းတိုးရန် တောင်းဆိုချက်အား အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ငြင်းပယ်ခဲ့သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကလည်း ဂျူးအိမ်ရာစခန်းများ တည်ဆောက်မှုကို မရပ်ပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ထွက်ခွာမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ဆက်နိုင်ရန် အစ္စရေးနှင့် ပါလက်စတိုင်းအကြားတင်းမာမှုများပြေလည်စေရေးအတွက် အမေရိကန်နိုင်ငံက ကြားဝင်ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ၎င်း၏ထိပ်တန်းအကြံပေးများ အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးနေစဉ် အစ္စရေးနိုင်ငံ၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ အထူးသံတမန်ကို အမေရိကန်ပြည်ထောင်စု၌ပင် ဆက်နေရန် အစ္စရေးဝန်ကြီးချုပ်က ညွှန်ကြားထားသည်ဟုဆိုသည်။

ပါလက်စတိုင်း တာဝန်ရှိသူများကလည်း အစ္စရေးနိုင်ငံနှင့် အမေရိကန်တာဝန်ရှိသူများဆွေးနွေးပြီးနောက် ထွက်ပေါ်လာမည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ပတ်သက်သော အဆိုပြုချက်အသစ်များကို စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ **အေပီ။**

## တရုတ်ငါးဖမ်းသင်္ဘောရေယာဉ်မှူးကို ပြန်လွှတ်ရန် ဂျပန်ဆုံးဖြတ်

တိုကျို စက်တင်ဘာ ၂၄ - **အရှေ့တရုတ်ပင်လယ်အတွင်းရှိ တရုတ်နှင့် ဂျပန်တို့အကြား အငြင်းပွားလျက်ရှိသော ကျွန်းများ အနီးတွင် ရေကြောင်းမတော်တဆမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်ငါးဖမ်းသင်္ဘောရေယာဉ်မှူးကို ပြန်လွှတ်မည်ဖြစ်ကြောင်း ဂျပန်တရားရေးဆိုင်ရာ တာဝန်ရှိသူများက သောကြာနေ့တွင် ဆုံးဖြတ်လိုက်သည်။**

တရုတ်ငါးဖမ်းရေယာဉ်မှူးကို ဂျပန်က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းနှင့် ပတ်သက်၍ အာရှအင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နှစ်ပေါင်းများစွာအတွင်း ဆိုးဆိုးရွားရွား တင်းမာခဲ့သည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားလျက်ရှိသည့် ကျွန်းများအနီးတွင် တရုတ်ငါးဖမ်းသင်္ဘောနှင့် ဂျပန်ကမ်းခြေစောင့် သင်္ဘောများ ဝင်တိုက်ခဲ့ပြီးသည့်နောက် စက်တင်ဘာ ၈ ရက်ကစ၍ ဖမ်းဆီးခံထားရသော တရုတ်ငါးဖမ်းသင်္ဘောရေယာဉ်မှူးကို စစ်ဆေးမေးမြန်းမှုများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဂျပန်တရားရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

၎င်းရေယာဉ်မှူးကို ပြန်လွှတ်ပေးရန် ဂျပန်နိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းကြောင့် တင်းမာနေသော နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကို ပြန်လည်ပြေလျော့စေနိုင်မည် ဖြစ်သည်။ ဂျပန်သတင်းစာများ၏ ဖော်ပြချက်အရ တရုတ်ငါးဖမ်း သင်္ဘောရေယာဉ်မှူးကို စက်တင်ဘာ ၂၄ ရက်တွင် ပြန်လွှတ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

## ကွဲကွာနေသော မိသားစုများ ပြန်လည် တွေ့ဆုံရေး ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေး

**ဆိုးလ် စက်တင်ဘာ ၂၄**

ကိုရီးယားနှစ်နိုင်ငံမှ ကြက်ခြေနီအဖွဲ့များ၏ တာဝန်ရှိသူများသည် ကိုရီးယားစစ်ပွဲ ဖြစ်ပွားပြီးနောက်ပိုင်း နှစ်ပေါင်း ၅၀ ကျော် ကွဲကွာနေကြသည့် မိသားစုများ နောက်တစ်ကြိမ် ပြန်လည် တွေ့ဆုံရေးကို ဆွေးနွေးခဲ့ကြကြောင်း တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဤပြန်လည်တွေ့ဆုံရေး သဘောတူညီချက်သည် မတ်လအတွင်းက တောင်ကိုရီးယား စစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် တင်းမာနေသော နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်လာသည့် အရိပ်လက္ခဏာဖြစ်သည်။

နှစ်ဖက်တာဝန်ရှိသူများသည် မြောက်ကိုရီးယားနယ်စပ်မြို့ ကေဆောင်တွင် သောကြာနေ့ နံနက်ပိုင်း၌ ၃၅ မိနစ်ကြာ ဆွေးနွေးခဲ့ကြသည်ဟု တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ဆိုသည်။

တွေ့ဆုံပွဲ ကျင်းပမည့်နေရာအပေါ် သဘောတူညီမှုရရှိရန် အဓိက အလေးထား ဆွေးနွေးရမည်ဖြစ်ကြောင်း တောင်ကိုရီးယား စေ့စပ်ညှိနှိုင်းရေးမှူးချုပ် ကင်အီဒိုက မြောက်ကိုရီးယားနိုင်ငံတွင်းသို့ နယ်စပ်ဖြတ်ကျော် မဝင်ရောက်မီ သတင်းထောက်များကို ပြောကြားသည်။

မိသားစုများ ပြန်လည်တွေ့ဆုံပွဲကို မြောက်ကိုရီးယားနိုင်ငံ၏ စိန်တောင် အပန်းဖြေစခန်း ပြန်လည်ပေါင်းစည်းရေး ဗဟိုဌာနတွင် ပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံက ဆန္ဒရှိသည်။ မြောက်ကိုရီးယားကလည်း ယင်းအပန်းဖြေစခန်းမှာပင် ကျင်းပရန် သဘောထားရှိသော်လည်း နေရာအတိအကျကို ပြောဆိုခြင်း မပြုပေ။ **အေပီ။**

## အကြမ်းဖက်သမားဟု ယူဆရသူကို မလေးရှားက စင်ကာပူသို့လွှဲပေး

စင်ကာပူ အကျဉ်းထောင်မှ အံ့အားသင့်ဖွယ် လွတ်မြောက်သွားခဲ့သော အကြမ်းဖက်သမားဟု ယူဆရသည့် မက်စ်စီလာမက် ကာစတာရီ။

**စင်ကာပူ စက်တင်ဘာ ၂၄**

လုံခြုံရေးတင်းကျပ်သော စင်ကာပူအကျဉ်းထောင်မှ လွန်ခဲ့သောနှစ်နှစ်ခွဲက အံ့အားသင့်ဖွယ် လွတ်မြောက်သွားခဲ့သည့် အကြမ်းဖက်သမားဟု ယူဆရသူကို မလေးရှားနိုင်ငံက စင်ကာပူနိုင်ငံသို့ သောကြာနေ့တွင် လွှဲပြောင်းပေးအပ်သည်။

**ကြံစည်ခဲ့**

အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော ဂျီးမားအစ္စလာမ္မီယား စစ်သွေးကြွအုပ်စု၏ စင်ကာပူကွန်ရက်ခေါင်းဆောင်ဟုယူဆရသူ မက်စ်စီလာမက်ကာစတာရီကို ၂၀၀၉ ခုနှစ် ဧပြီလတွင် မလေးရှားနိုင်ငံ တောင်ပိုင်း၌ မလေးရှားရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။ စီလာမက်သည် လေယာဉ်တစ်စင်းကို ပြန်ပေးဆွဲ၍ စင်ကာပူ နိုင်ငံတကာလေဆိပ်ကို ထိုးချတိုက်ခိုက်ရန် ကြံစည်ခဲ့သည်ဟု ဆိုသည်။

**ချုပ်နှောင်ထားနိုင်**

အင်ဒိုနီးရှားနွယ်ဖွား စင်ကာပူနိုင်ငံသား မာ(စ်)စီလာမက်ကို မလေးရှားနိုင်ငံက လွှဲပြောင်းပေးပြီးနောက် စင်ကာပူပြည်တွင်း လုံခြုံရေးအက်ဥပဒေအရ ထိန်းသိမ်းထားသည်ဟု စင်ကာပူ ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ ယင်းအက်ဥပဒေအရ သံသယတရားခံတစ်ဦးကို တရားရုံးတင် စစ်ဆေးခြင်းမပြုဘဲ အချိန်ကာလ အတိုင်းအတာမရှိ ချုပ်နှောင်ထားနိုင်သည်။ **အေပီ။**

## ကုလအထွေထွေညီလာခံ တက်ရောက်မည့် နီကာရာဂွါ သံတမန် နယူးယောက်မြို့၌ အသတ်ခံရ

နယူးယောက် စက်တင်ဘာ ၂၄ - **အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ နီကာရာဂွါကောင်စစ်ဝန်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ်သည် ၎င်းနေထိုင်ရာ တိုက်ခန်းအတွင်း သတ်ဖြတ်ခံခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် ၎င်းကိုသွားရောက်ခေါ်ယူသော ယာဉ်မောင်းက ၎င်း၏ ရုပ်အလောင်းကို စတင်တွေ့ရှိခဲ့ကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားသည်။**

နီကာရာဂွါ သံတမန် ဆီဆာမာကာဒို အသတ်ခံခဲ့ရသော တိုက်ခန်း၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

နီကာရာဂွါ ယာယီကောင်စစ်ဝန်ချုပ် ဆီဆာမာကာဒိုသည် နယူးယောက်မြို့၌ ရှစ်နှစ်ကြာမျှ နေထိုင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မာကာဒိုသည် ဓားလက်နက်များဖြင့် တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၎င်းသေဆုံးရာ နေရာအနီးတွင် ဓားတစ်လက်နှင့် ၎င်း၏ ရေချိုးခန်းအတွင်း၌ ဓားတစ်လက်တို့ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

**စစ်ဆေးမှုများပြုလုပ်**

နယူးယောက်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ပြီး မည်သည့်သဲလွန်စကိုမျှ ထုတ်ဖော်နိုင်ခြင်း မရှိသေးပေ။ ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးသူများသည် မာကာဒိုမသေဆုံးခင် ဆက်သွယ်ခဲ့သူများနှင့် ၎င်းသွားရောက်ခဲ့သည့် နေရာများ၌ စုံစမ်းမှုများ ပြုလုပ်နေသော်လည်း ပြစ်မှုကျူးလွန်ခဲ့သည့် လူသတ်သမားကို ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံကို ဆန့်ကျင်၍ မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံများဘက်မှ ရပ်တည်ခဲ့သော နီကာရာဂွါသမ္မတ ဒန်နီယယ်လ်အော်တေဂါအပါအဝင် ကမ္ဘာ့နိုင်ငံ ၁၉၂ နိုင်ငံမှ နိုင်ငံအကြီးအကဲများ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ စုရုံးရောက်ရှိနေစဉ် နီကာရာဂွါကောင်စစ်ဝန်ချုပ် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ **အေပီ။**

# ဗာကက်ရှ် F.C ကို ဂိုးပြတ်နိုင်ပြီး ရတနာပုံအသင်း ဖိုင်နယ်တက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၄

**၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံ(မြန်မာ)နှင့် ဒိုဒ္ဒိုင်းဒိုင်နမို (ကာဂျစ္စတန်)တို့ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

ပွဲမစတင်မီ ရတနာပုံအသင်း၊ ဗာကက်ရှ်အသင်းနှင့် ဒိုင်လူကြီးများအား ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။

ရတနာပုံအသင်းမှာ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ခြေစွမ်းပြပြီး တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းကို ဂိုးပြတ်အနိုင်ယူကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ ရတနာပုံအသင်းမှာ ပွဲအစတွင် အချိတ်အဆက်လွဲချော်နေသော်လည်း နောက်ပိုင်းတွင် အကောင်းဆုံးပုံစံရကာ အနိုင်ရသွားခြင်း ဖြစ်သည်။

ရတနာပုံအသင်းအတွက် ပထမဂိုးကို ရန်ပိုင် ဂိုးသမားကိုလိမ်ပြီး သွင်းယူစဉ်။

(ပထမအကြိုဗိုလ်လုပွဲ)

**ရတနာပုံ - နှစ်ဂိုး**
(ရန်ပိုင်နှင့် အောင်ကျော်မိုး)
**ဗာကက်ရှ် - ဂိုးမရှိ**

AFC President's Cup ပြိုင်ပွဲဝင် မြန်မာအသင်းများထဲတွင် ပထမဦးဆုံး အုပ်စုအဆင့်ကို ကျော်လွန်နိုင်ခဲ့သည့် ရတနာပုံအသင်းမှာ ခင်မောင်ထွန်း၊ ဂျီနွန်ဆီယန်၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်းတို့ဖြင့် လူစုံထုတ်ကစားသွားပြီး ရှေ့တန်းတွင် ဒဏ်ရာမှပြန်ကောင်းလာသည့် တိုက်စစ်မှူး ရန်ပိုင်ကို သက်နိုင်နှင့်တွဲပေးထားခဲ့သည်။ ပွဲအစတွင် ကွင်းလယ်နှင့်တိုက်စစ် ချိတ်ဆက်ရာ၌ နားလည်မှုများလွဲချော်နေ၍ ရတနာပုံအသင်းမှာ ဗာကက်ရှ်အသင်းကို ထင်သလောက် ဖိအားမပေးနိုင်ခဲ့ပေ။ နောက်ပိုင်းကျမှ ရတနာပုံအသင်းကစားကွက် ပြန်မိလာပြီး ကွင်းလုံးပြည့်နီးပါး လာရောက်အားပေးသည့် ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုနှင့်အတူ ဗာကက်ရှ်အသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ၄၁ မိနစ်တွင် ရှူဆတမ်၏ ပြစ်ဒဏ်ဘောကန်ချက် ဂိုးဘားထိထွက်သွား၍ ရတနာပုံကံကောင်းသွားပြီး လူကောင်ကြီးသော်လည်း ကစားပုံလေးသည့် ဗာကက်ရှ်အသင်းကို အနီးပေးဖြင့် အမြန်နှုန်း တင်ကစားခဲ့သည်။ ၄၄ မိနစ်တွင် ရတနာပုံအသင်းဂိုး စတင်ရသွားပြီး ကိုနေး၏ ဖန်တီးပေးမှုမှ တစ်ဆင့် ရန်ပိုင်ကဂိုးသမားကို လိမ်ကာ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းမှာ ကစားပုံပိုကောင်းလာသလို ဗာကက်ရှ်အသင်းကလည်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့သည်။ ဗာကက်ရှ်အသင်း ချေပဂိုးရရှိနိုင်မည့် အခွင့်အရေးသုံးကြိမ် ရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၇၇ မိနစ်တွင် ရတနာပုံအသင်း ဒုတိယအနိုင်ဂိုးရသွားပြီး ကွင်းလယ်လူ အောင်ကျော်မိုးက ပယ်နယ်တီစည်းထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲ တက်ရောက်သွားသော ရတနာပုံအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျပ်သိန်း ၁၀၀၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ကျပ်သိန်း ၁၀၀ ပေးအပ်ချီးမြှင့်သည်။

## သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ နှစ်ဖက်အသင်းအား နှုတ်ဆက်စဉ်။

(ဒုတိယအကြိုဗိုလ်လုပွဲ)

**ဒိုဒ္ဒိုင်းဒိုင်နမို - နှစ်ဂိုး**
**အက်ရှ်ဘာမက် - ဂိုးမရှိ**

ချန်ပီယံနှစ်ကြိမ်ရရှိဖူးသည့် ကာဂျစ္စတန်ကလပ် ဒိုဒ္ဒိုင်းဒိုင်နမိုအသင်းမှာ ယနေ့ပွဲတွင် ခြေစွမ်းပြသွားပြီး ဒုတိယပိုင်းတွင် သွင်းယူသောဂိုးများဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးများကို မိနစ် ၇၀ တွင် တက်တီနှင့် ၇၂ မိနစ်တွင် မာလင်တို့က သွင်းယူပေးခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရတနာပုံ (မြန်မာ) နှင့် ဒိုဒ္ဒိုင်းဒိုင်နမို (ကာဂျစ္စတန်)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# ယနေ့ သားသားနှင့် ဆိုဟန်၊ ဖိုးကေနှင့် ပါဝိတို့ ယှဉ်ပြိုင်ထိုးသတ်မည်

## သတင်းနှင့် ဓာတ်ပုံ ဇင်လင်းထွန်း(မနဖြူ)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ၏ အဓိကကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်(MTF)နှင့် T&T Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်(ယနေ့)နှင့် ၂၆ ရက်များတွင် သုဝဏ္ဏပြိုင်ပွဲရုံ၌ မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star ဟိုတယ်၌ ကျင်းပခဲ့သည်။

၎င်းပွဲသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပွဲစီစဉ်သူများ၊ ပြိုင်ပွဲကို အဓိကကူညီ ပံ့ပိုးပေးသည့် ကယ်လ်ဆမ်ကွေကာမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်မည့် လက်ဝှေ့သမားများနှင့် အုပ်ချုပ်သူနည်းပြများ၊ စာနယ်ဇင်းအသီးသီးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦးနှင့် အတွင်းရေးမှူး ဦးမြင့်စိုးတို့က ယခုပြိုင်ပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ယှဉ်ပြိုင်မည့် နှစ်ဖက်လက်ဝှေ့သမားများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် စာနယ်ဇင်းများ မေးမြန်းသည်များကို တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယနေ့(ပထမနေ့)တွင် သားသား (မြန်မာ)နှင့် ဆိုဟန်(ပြင်သစ်)၊ ဝါးရင်းတုတ် ဖိုးကေ(မြန်မာ)နှင့် ပါဝိ(ထိုင်း)၊ ဒုတိယနေ့တွင် စိုးလင်းဦး(မြန်မာ)နှင့် မန်ကော်ရို (ထိုင်း)၊ စောငမန်း(မြန်မာ)နှင့် ဆိုင်းရပ် (အမေရိကန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ သားသားနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဆိုဟန်မှာ အနောက်တိုင်းလက်ဝှေ့ ချန်ပီယံတစ်ဦးဖြစ်ပြီး မွေထိုင်းလက်ဝှေ့ နည်းစနစ်များကိုလည်း ကျွမ်းကျင်သူဖြစ်ကြောင်း သိရသည်။

ဖိုးကေနှင့် ထိုးသတ်မည့် ပါဝိသည် ကမ္ဘာ့မွေထိုင်းပြိုင်ပွဲတွင် ဝိတ်တန်းအလိုက်ချန်ပီယံဖြစ်ထားပြီး ထိုင်းနိုင်ငံတွင် နာမည်ကျော်သူလည်း ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သမားများနှင့် အတွေ့အကြုံများစွာရှိထားပြီး ယခုပြိုင်ပွဲရုံ၌ပင် တွေ့မရှောင်နှင့် နှစ်ကြိမ် ထိုးသတ်ဖူးသည်။ ပထမအကြိမ်တွင် တွဲရှုံးရှုံးခဲ့သော်လည်း ဒုတိယအကြိမ်ပွဲတွင် သရေပွဲအရယူနိုင်ခဲ့သည်။

စိုးလင်းဦးနှင့် ထိုးသတ်မည့် မန်ကော်ရိုမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ လုံပနီပြိုင်ပွဲရုံ၏ ဝိတ်တန်းအလိုက် ချန်ပီယံဖြစ်ပြီး ပြိုင်ဘက်ကို မာမာတင်းတင်း ထိုးသတ်လေ့ရှိသောကြောင့် ပရိသတ်နှစ်သက်သော လက်ဝှေ့သမားဟု သိရသည်။

**စာနယ်ဇင်းရှင်းလင်းပွဲတွင် စီစဉ်သူ ဦးစိုးသန်းဝင်းနှင့် မစ္စတာ ဖိကျောက်တို့ကို လက်ဝှေ့သမားများနှင့်အတူ တွေ့ရစဉ်။**

**၂၅-၉-၂၀၁၀ (စနေနေ့)**

| | | |
|---|---|---|
| ဝမ်းချုံး (မိုးသောက်ကြယ်) | - | ရဲမြတ်အောင် (ဖိုးရာဇာ) |
| ဝင်းမောက်(တောင်ကလေး) | - | ဖွဲ့သတ္တိ (သူရကောင်း) |
| ဆက်ထူးအောင်(တောင်ကလေး) | - | ရွှေမိုးကောင်း (ဘီလပ်မြေစက်ရုံ) |
| စောသဲမင်း(မိုးသောက်ကြယ်) | - | ဝီလျံ (ရွှေကုက္ကို) |
| လုံးချောလေး(ရက္ခဗျာလ) | - | နိုင်ထူးလွင် (တောင်ကလေး) |
| သားသား(မြန်မာ) | - | ဆိုဟန်(ပြင်သစ်) |
| ဖိုးကေ(မြန်မာ) | - | ပါဝိ(ထိုင်း) |

# ခြသေ့်ပြာတွေကို ချေမှုန်းဖို့ မန်ချက်စတာမြို့သားတွေ အဆင်သင့်ဖြစ်ပြီလား

### ပရီမီယာလိဂ် ပွဲစဉ်(၆)

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၆)ကို စက်တင်ဘာ ၂၅ ရက် (ယနေ့) ညနဲ့ ၂၆ ရက် (တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ မန်ယူ၊ လီဗာပူးနဲ့ အာဆင်နယ်တို့အတွက် ခက်ခဲမှု အနည်းငယ်သာရှိနိုင်ပေမယ့် ချယ်လ်ဆီးဆိုတဲ့ ခြသေ့်ပြာတွေကို ချေမှုန်းဖို့ မန်ချက်စတာမြို့သားတွေ အဆင်သင့်ဖြစ်၊ မဖြစ်ကိုတော့ စောင့်ကြည့်ရမှာပါ။

### မန်စီးတီး-ချယ်လ်ဆီး

ဘောလုံးရသ အပြည့်အဝနဲ့ မိနစ် ၉၀ လုံးလုံး ရင်ခုန်စိတ်လှုပ်ရှားမှု အပြည့်အဝ ပေးသွားမယ့်ပွဲပါ။ ကစားသမား အင်အားကွာဟမှုကြီးကြီးမားမား မရှိပေမယ့် ချယ်လ်ဆီးကစားသမားတွေက ပညာ၊ သမ္မာနဲ့ စည်းလုံးမှုပိုင်းမှာ မန်စီးတီးထက် သာပါတယ်။ ဒါ့ပြင် ငါးပွဲကစားအပြီးမှာ သွင်းဂိုး ၂၁ ဂိုးရှိပြီး ပေးဂိုးတစ်ဂိုးသာရှိထားတဲ့ ချယ်လ်ဆီးရဲ့ စံချိန်က မြင့်မားလွန်းပါတယ်။

နှစ်သင်းလုံးကားလင်းဖလားက ထွက်လိုက်ရပြီဖြစ်တာကြောင့် အဲဒီအရှုံးကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ ချယ်လ်ဆီးက မန်စီးတီးထက် အစစအရာရာ သာလွန်တယ်ဆိုပေမယ့် ငါးပွဲကစားအပြီးမှာ ရှုံးမှတ်သာ ရထားသေးတဲ့ မန်ချက်စတာမြို့သားတွေ ဒီပွဲမှာ အားထည့်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် ခြသေ့်ပြာတွေကို ချေမှုန်းနိုင်ဖို့ ဆိုတာကတော့ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာမှာပါ။

### ဘော်လ်တန်-မန်ယူ

ငါးပွဲကစားအပြီးမှာ အာဆင်နယ်တစ်သင်းတည်းကိုသာ ရှုံးထားတဲ့ ဘော်လ်တန် ရစ်သမ်မှန်နေတယ်လို့ ဆိုရမှာပါ။ မန်ယူကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးကို အနိုင်ရတယ် ဆိုပေမယ့် ကစားပုံက အားရစရာမကောင်းသေးပါဘူး။ ဝိန်းရွှန်နေး ခြေစွမ်းပျောက်ဆုံးနေမှုကို ဘာဘာတော့ဗ်က ဖြည့်ဆည်းပေးနေလို့သာ မန်ယူသက်သာရာရခဲ့တာပါ။ ဒါပေမယ့် အစဉ်အလာနဲ့ အသင်းကြီးအရှိန်အဝါရှိနေတဲ့ မန်ယူ လူစုံမယ်ဆိုရင်တော့ သုံးမှတ်အပြည့်ရမှာပါ။

### ဘာမင်ဂမ်-ဝီဂန်

ပွဲစဉ်(၅)မှာ ဝက်စ်ဘရွန်းကို ရှုံးခဲ့တဲ့ ဘာမင်ဂမ် ဒီပွဲမှာ အမှတ်ပြန်ရှာလာဖို့ ရှိနေပါတယ်။ ဝီဂန်ကစားသမား ရှိဒယ်လီဂါကို ဘာမင်ဂမ်နောက်တန်း ထိန်းချုပ်နိုင်မယ်ဆိုရင် ဂိုးပြန်ပေးရဖို့မရှိဘဲ စိန့်အန်ဒရူး အောင်ပွဲဖြစ်သွားမှာပါ။

## ဝင်းတင်(ကြေးမုံ)

**ပရီမီယာလိဂ် ပွဲစဉ်(၆)ပွဲစဉ်များ**
**၂၅-၉-၂၀၁၀ (စနေနေ့)**

| | | | |
|---|---|---|---|
| ညနေ ၆း၁၅ နာရီ | မန်စီးတီး | - | ချယ်လ်ဆီး |
| ည ၈း၃၀ နာရီ | အာဆင်နယ် | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ နာရီ | ဘာမင်ဂမ် | - | ဝီဂန် |
| ည ၈း၃၀ နာရီ | ဘလက်ပူးလ် | - | ဘလက်ဘန်း |
| ည ၈း၃၀ နာရီ | ဖူလ်ဟမ် | - | အဲဗာတန် |
| ည ၈း၃၀ နာရီ | လီဗာပူး | - | ဆန်းဒါးလန်း |
| ည ၈း၃၀ နာရီ | ဝက်စ်ဟမ်း | - | စပါး |

# မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၅၄ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ရမည်းသင်းမြို့နှင့် ကန့်ဘလူမြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီနှင့် ရွှေဘိုမြို့တွင် သုည ဒသမ ၉၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**စက်တင်ဘာ ၂၅ ရက် ညနေထိခန့်မှန်းချက် ။** ။ မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**စက်တင်ဘာနောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် (၃၄ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၉၃ဒီဂရီဖာရင်ဟိုက် | | ၂၃-၉-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက် | | ၂၄-၉-၂၀၁၀ |
| ၉း၃၀ နာရီအချိန် | စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း | ၂၄-၉-၂၀၁၀ |
| မိုးရေချိန် | သုည ဒသမ ၁၅ လက်မ | ၂၄-၉-၂၀၁၀ |

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## တင်ဒါခေါ်ယူခြင်း

မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအတွင်းရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)အတွက် Spray Dryer(1) Set ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါကို ၃၀-၉-၂၀၁၀ ရက် နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။ တင်ဒါပေးသွင်းရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**စီမံကိန်းဌာန**
**မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၀၈၁၄၄**

VAC
Applied Human Resources Management
Ph: 73022727
09-5102094

English CONVERSATION Class

09-60-57181, 550659
Tun Myint Trading Co., Ltd
Mild Steel - Plates (ABS Grade) CCSA

EDUMAP Language Centre
• General English Course (4 Skills)
• Phonetics
• Interview
• TOEFL / IELTS
• Chinese,Japanese,Korean,Malay, Thai,German,French

20% Discount
MYOB
ICEC Ph: 709868, 503807

## အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



**အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းခြံအတွင်း မြေခင်းအလှ ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြ (တံတား) ဖြစ်သော စံပြလမ်းနှင့် သာယာလမ်းထောင့်တွင် သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးစဉ်။** (ကြေးမုံ)

**ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်စရစ်-ထိုးဝါးစိုက်-ကျွန်းကြီး ကျေးလက်ဖွံ့ဖြိုးရေးလမ်းအား စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

**ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပါဒကြီးကျေးရွာ သောက်သုံးရေကန် မြေစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**ဥတုရာသီ တောကို မှီ၏**

## ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တောင်ကုတ် စက်တင်ဘာ ၂၄**

တောင်ကုတ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကုတ်မြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ သဘာပတိ ဦးခင်မောင်ရီနှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်ထွန်းတို့က အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ခုနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌဦးထွန်းရွှေက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ဦးဘလှိုင်ကလည်းကောင်း အသီးသီး ဖတ်ကြားပြီး သဘာပတိက အတည်ပြုချက်ရယူကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

## အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားရုံး**
**၂၀၁၀ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၄၁**

| | | |
|---|---|---|
| ဦးအောင်ခိုင်မင်း | နှင့် | ၁။ဦးသိန်းထွန်းအေး<br>၂။ဒေါ်စန်းစန်းနု |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ရှမ်းရွာ၊ အမှတ်(၂၃)တွင်နေထိုင်ခဲ့ဖူးသူ (ယခုနေရပ်လိပ်စာမသိသူ)ဒေါ်စန်းစန်းနု သိစေရမည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၂၄)ပထမထပ်(ဘီ)(ခြေရင်းခန်း)နေ ဦးအောင်ခိုင်မင်းက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလ ၈ ရက် နံနက် ၉း၃၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ လျှောက်ထားသူ၏ လျှောက်ထားချက်ကိုထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရန်ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၀ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်ဆွေထွန်း**
**တွဲဖက်တိုင်းတရားသူကြီး(၅)**
**ရန်ကုန်တိုင်းဒေသကြီးတရားရုံး**

**သာကေတမြို့နယ် အမှတ် (၃၇) အခြေခံပညာ မူလတန်းကျောင်းတွင် ဦးယဉ်ထွေး-ဒေါ်ခိုင်ဇာမြင့် တို့၏ သမီး တတိယတန်းမှ မဖြူသီရိမွန်က မွေးနေ့အလှူအဖြစ် ကြက်သားကြာဆံကြော် အာဟာရဒါန ကျွေးမွေးစဉ်။**

(ပညာရေး)

## သဘာဝရေပြင်အတွင်း ငါးရှဉ့်များ လွှတ်ပေး

**ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်အရွယ်အစားမပြည့်မီသော ငါးရှဉ့်များ ပြန်လည်လွှတ်ပေးခြင်း အခမ်းအနားကို သြဂုတ် ၂၁ ရက်က ညောင်လေးပင်မြို့နယ် စံဖဲကျေးရွာ၌ ကျင်းပရာ သတ်မှတ်အရွယ်အစား မပြည့်မီသော ငါးရှဉ့်ကောင်ရေ ၆၈၀၀ အား သဘာဝရေပြင်အတွင်းသို့ ပြန်လည်လွှတ်ပေးစဉ်။** (မြို့နယ်ငါးလုပ်ငန်း)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ကြီး၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။

## အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ဖွင့်ပွဲ

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ IEMS Co.,Ltd. က ကြီးမှူးကျင်းပသော အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊

စာမျက်နှာ ၆ ကော်လံ ၁ သို့❖

စင်ကာပူနိုင်ငံ Santosa ကျွန်း Universal Studio တွင် ဆိုလာတပ်ဆင်အသုံးပြုထားသည်ကို တွေ့ရစဉ်။

## ကမ္ဘာကြီး မျိုးဆက်သစ်များနှင့် ကျွန်တော်တို့အားလုံးအတွက် ဆိုလာစွမ်းအင်

**သတင်းဆောင်းပါး - နေမင်းချစ်သူ**

*(ယမန်နေ့မှအဆက်)*

**ဈေးနှုန်းအနည်းအများသည် သုံးစွဲသူအပေါ်မှာ မူတည်သည်**

ဆိုလာစွမ်းအင်ကို သုံးစွဲရန် စိတ်ကူးရှိသူအတော်များများရှိသည်။ သို့သော်လည်း လက်တွေ့သုံးစွဲရန် တော့တော့ဆိုင်ဆိုင် စုံစမ်းလိုက်လျှင် မတည်ရင်းနှီးရမည့်ငွေက တနင့်တပိုးကြီးဟု ယူဆပြီးနောက် တွန့်သွားကြသူက များသည်ဟု ကြားရသည်။ ဈေးနှုန်းတွေကလည်း တခြားလူသုံးကုန်ပစ္စည်းတွေလို မသိမသာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻